မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံကြီးအချို့ မနအင်အားသာလွန်မှု၊ နည်းပညာအသာစီးရမှုနှင့် မီဒီယာများကို တလွဲအသုံးချပြီး မြန်မာနိုင်ငံအပေါ် သူတို့ဩဇာအောက်ကို နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ သိမ်းယူနိုင်ဖို့ ကြိုးစား တိုင်းတစ်ပါးလက်ဝေခံ ပြည်တွင်းပြည်ပအဖျက်သမားများကလည်း သူတို့ဆရာကြီးများစိတ်ကြိုက် လူငယ်လူရွယ်များကို ဇာတိသွေး၊ ဇာတိမာန်လျော့ပါးအောင် လွဲမှားသည့် အတွေးအခေါ်များသွတ်သွင်း ထိပ်တိုက်ဆန့်ကျင်မှု၊ အကြမ်းဖက်မှုစရိုက်ဆိုးများ ဝင်လာအောင် သွေးထိုးလှုံ့ဆော်မှုများပြုလုပ် လူငယ်များ လမ်းပျောက်သည့်ဘဝမျိုးမရောက်အောင် တစ်မျိုးသားလုံး တာဝန်သိသိဖြင့် ပြန်လည်ဆယ်တင်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

မိမိနိုင်ငံ မိမိလူမျိုးအစွန့်ရှည်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မြင့်မားမားနဲ့ တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရေးတို့အတွက် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများအားလုံးဟာ နိုင်ငံတော်ကာကွယ် ထိန်းသိမ်းရေးအပိုင်းမှာ စိတ်ဓာတ်ရေးရာစည်းလုံးညီညွတ်မှု ခိုင်ခိုင်မြဲမြဲ ရှိနေစေဖို့ လိုအပ်သလို အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအပိုင်းမှာလည်း တစည်းတလုံးတည်း၊ တညီတညွတ်တည်းရှိနေစေဖို့ လိုအပ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်)

စားနပ်ရိက္ခာဖူလုံပိုလျှံရေး ဘက်စုံကြိုးပမ်းစွမ်းဆောင်

ယနေ့ ကမ္ဘာတွင် လူဦးရေသန်းပေါင်း ၆၃၀၀ ကျော် ရှိသည့်အနက် သန်းပေါင်း ၈၀၀ကျော်သည် စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ အာဟာရ ချို့တဲ့မှုများဖြင့် ကြုံတွေ့နေရဆဲဖြစ်သည်။ ထိုကဲ့သို့ ကွာဟမှုများကို တတ်စွမ်းသမျှ လျော့ကျသွားစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ မိသားစုဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲပြီး စားနပ်ရိက္ခာ တိုးမြှင့်ထုတ်လုပ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ကြရင်း သားငါးကဏ္ဍနှင့် သစ်တောကဏ္ဍတို့ကိုပါ ရေရှည် ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ မြန်မာ့လူဦးရေ ၅၅ သန်းကျော်တွင် ၇၀ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး(ဝါ) သစ်တောကဏ္ဍတစ်ခုခုကို မှီခိုအားထား အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။ ယင်းကဏ္ဍများ၏ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို လက်တွေ့ကျကျ အကောင်အထည် ဖော်ပေးနေခြင်းပင် ဖြစ်သည်။

အဓိက စားနပ်ရိက္ခာဖြစ်သည့် စပါးသီးနှံထုတ်လုပ်ရေးအပိုင်းတွင် မြန်မာနိုင်ငံ၏ စပါးစုစုပေါင်း အထွက်နှုန်းသည် ၂၀၀၀–၂၀၀၁ ခုနှစ်မှစပြီး တင်းသန်း ၁၀၀၀ကျော်ခဲ့ပြီး ၂၀၀၄–၂၀၀၅ ခုနှစ်၌ တင်းသန်း ၁၂၀၀အထိ တိုးတက်ထွက်ရှိလာခဲ့သည်။

သားငါးကဏ္ဍသည်လည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ရာ သားငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူးပေးပြီး နိုင်ငံတော်အတွင်း သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေး၊ သားငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ တိုးတက်ခေတ်မီရေးအတွက် အရှိန်အဟုန်မြှင့်လျက်ရှိရာ ပိုလျှံမှုများကို ပြည်ပသို့ တင်ပို့ရောင်းချနေပြီ ဖြစ်သည်။

သစ်ပင်များ ပျက်စီးဆုံးရှုံးလျှင် သက်ရှိလောကကြီးတစ်ခုလုံး ပျက်စီးသွားနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ သစ်တောပြုစု ပျိုးထောင်ထိန်းသိမ်းရေးလုပ်ငန်းကို အလေးထား ဖော်ဆောင်နေသည့် နည်းတူ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းစသည်များကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင်သာမက မွေးမြူရေး၊ သစ်တောစသည့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းစွမ်းဆောင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချမှတ်ထားသည့် မူဝါဒ လမ်းစဉ်စီမံကိန်းများ မှန်မှန်ကန်ကန်နားလည်သဘောပေါက် လုပ်ငန်းများ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီလုပ်ကိုင်

ရန်ကုန် အောက်တိုဘာ ၁၅

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယညွှန်ကြား ရေးမှူးချုပ်များနှင့် ပြည်နယ်၊ တိုင်းများမှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

ကြိုးပမ်းလုပ်ဆောင်

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ဦးစီးဌာန ဝန်ထမ်းများသည် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်၊ စီမံကိန်း၊ ရည်မှန်းချက်နှင့် အနှစ်သာရများကို မှန်မှန်ကန်ကန် နားလည် သဘောပေါက်ရန်နှင့် ရှိသင့်ရှိထိုက်သည့် အမြင်ငါးမြင် ရှိကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်းရှိပြည်သူများအေးချမ်းတည်ငြိမ် တိုးတက်အောင် လုပ်ဆောင်ရာတွင် အားသုံးအားနှင့် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကို ကြိုးပမ်းလုပ်ဆောင်နေကြခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်မှု ရရှိရန်အတွက် ဦးစီးဌာန ဝန်ထမ်းများ အားလုံး စည်းလုံးညီညွတ်ပြီး အသိအမြင် ခံယူချက် တူညီရန်လိုကြောင်း၊ သို့မှသာ မိမိတို့လုပ်ကိုင်ရမည့် လုပ်ငန်းများအပေါ် အတွေးအမြင် ရှင်းလင်းစွာဖြင့် လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍ(၄)ရပ်ကို ဆောင်ရွက်ပေးကြရမည့်သူများအဖြစ် ခံယူထားကြရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ရန်လိုကြောင်း၊ ယင်းသို့လုပ်ကိုင်ရာတွင်လည်း စိတ်ကောင်း၊ စနစ်၊ စည်းကမ်း၊ စေတနာရှိကြပါဟု မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး နှစ်စဉ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃သန်းထုတ်လုပ်နိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် အောက်တိုဘာ၁၃ရက် နံနက်ပိုင်းက ကျောက်တံခါးမြို့နယ် ရဲနွယ်ချောင်း၏ လက်ယာဘက်ကမ်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိပြီး တပ်ဆင်ပြီးတာဘိုင်များနှင့် Control-Room၌ စက်ခလုတ်များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ Governor စက်များရောက်ရှိမှုနှင့် တပ်ဆင်နေမှု၊ Arrigation Cable Chamber များတပ်ဆင်နေမှု Excitation Pannel များတပ်ဆင်နေမှု၊ ရေထုတ်မြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ဖယ်ရှားနေမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ၁၁ကေဗွီ ဓာတ်အားလိုင်းမှ ၃၂ ကေဗွီ ဓာတ်အားလိုင်းသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်မည့် Switch-yard တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စီမံကိန်း ညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ စီမံကိန်းနှင့် စက်ရုံမှ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးက ဓာတ်အားပေးစက်ရုံတွင် စက်တပ်ဆင်ရေး လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ အသေးစိတ် ဂရုတစိုက် ဆောင်ရွက်ကြရန်နှင့် စီမံကိန်းတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားပညာရှင်များနှင့် ညှိနှိုင်း ပေါင်းစပ်လုပ်ကိုင်ရန်တို့ကို ဆွေးနွေး မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက်ဝန်ကြီးသည် စီမံကိန်းသို့ စက်ပစ္စည်းများ တင်သွင်းသော CMEECကုမ္ပဏီမှ Project Manager Mr. Wou နှင့် တာဝန်ရှိသူများအား စီမံကိန်းရှင်းလင်းဆောင်၌ တွေ့ဆုံဆွေးနွေး၍ သတ်မှတ်ကာလအတွင်း စက်ပစ္စည်းရောက်ရှိပြီး တပ်ဆင်နိုင်ရန် ဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ရဲနွယ် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းတွင် လျှပ်စစ်နှင့် စက်မှုဆိုင်ရာများ အပြီးသတ်တပ်ဆင်လျက်ရှိပြီး ပြီးစီးပါက ၁၂ ဒသမ ၅မဂ္ဂါဝပ် အင်အားရှိ ဓာတ်အား ပေးစက်နှစ်လုံးမှ စုစုပေါင်း ၂၅မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်ရာ နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၃သန်းထုတ်လုပ်ဖြန့်ဖြူး ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၁၀–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	Music Talk (ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း) (အပိုင်း–၂)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	လှပသစ်ဆန်း အလှပြင်ခန်း (G-Six Hair & Beauty Spa)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀	သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းစခန်းများ (အပိုင်း–၁)
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	'အင်း'ငွေပန်းထိမ်ရဲ့ အငွေ့အသက်
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိကျောင်းမုဆိုး
၁၀း၅၀	ပြည်တွင်း သတင်းအကျဉ်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	ဝင်ငွေတိုးစေဖို့ တီလားပီးယား ငါးမွေးကြစို့
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီ အထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Fulham-Charlton	5-Sports

မြဝတီရုပ်မြင်သံကြား

၁၆–၁၀–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	မိုးလေဝသသတင်း
၆း၂၅	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၂။	လျှပ်တစ်ပြက်
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၆၆)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း–၁၄)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ နေပြည်တော်၌ကျင်းပ မွန်မြတ်သည့်ဦးတည်ချက်(၇)ရပ်နှင့်အညီ အနှစ်သာရရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စနစ်တကျစီမံဆောင်ရွက်ထား

နေပြည်တော် အောက်တိုဘာ ၁၅

မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရန်၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်နှင့် စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ပိုမိုရှင်သန်ခိုင်မာစေရန်ဟူသည့် ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး ခေါင်းဆောင်သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တော တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟို အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်ရှေ့၌ ကျင်းပစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို နံနက် ၇ နာရီတွင် ရေဆင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခန်းမဆောင် ဥပစာရှေ့၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ထားသော ပြိုင်ပွဲဝင် အမျိုးသမီးများ၊ အကပြိုင်ပွဲဝင် ၁၆ သင်းမှ ဝါသနာရှင်အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့မှ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင်ထားကြသည့် ပြိုင်ပွဲဝင် အမျိုးသမီးများနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ ကလပ်နှင့် ဖဲကြိုး၊ ကြက်လျှာကိုင် မြန်မာဝတ်စုံဝတ် အမျိုးသမီးငယ်များက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်တင်တင်မြနှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစဉ်အလာမပျက်

အစီအစဉ်အရ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ***စာမျက်နှာ ၉ ကော်လံ ၃***

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်

ဂျီနီဗာ အောက်တိုဘာ ၁၅

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းအား (အောက်ပုံ) **လာမည့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက ရွေးချယ်လိုက်ကြောင်း၊ အောက်တိုဘာ၁၃ရက်က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ၎င်းသည် လာမည့်နှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်မည်ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။**

အသက်၆၂နှစ်ရှိ ဘန်သည် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ခုနှစ်အထိ မြန်မာနိုင်ငံမှ ဦးသန့်က အတွင်းရေးမှူးချုပ်ဖြစ်ခဲ့ပြီးနောက် ပထမဆုံး အာရှတိုက်မှ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဖြစ်လာသည်။

ကြိုဆို

၎င်းသည် ၁၉၄၆ခုနှစ်မှစ၍ ရှစ်ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်လာသူဖြစ်ပြီး ၎င်းအား သံတမန်များနှင့် ကုလသမဂ္ဂဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

ထမ်းဆောင်မည်

လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံကလည်း ၎င်းအား ပြိုင်ဘက် ခြောက်ဦးအနက်မှ ထောက်ခံမဲပေးခဲ့သည်။ ၎င်းသည် အတွင်းရေးမှူးချုပ် ရာထူးကို ငါးနှစ်သက်တမ်းတာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် ဟူကျို့မြို့တွင် ရိုးရာဗုံတီးပွဲတော် ကျင်းပနေသည်ကို အောက်တိုဘာ ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး တရုတ်-အီးယူ သိပ္ပံနှင့်နည်းပညာနှစ်ဖွင့်လှစ်

ဘရပ်ဆဲလ် အောက်တိုဘာ ၁၄

ဥရောပသမဂ္ဂ (အီးယူ)နှင့် တရုတ်နိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်၍ တရုတ်-အီးယူ သိပ္ပံနှင့်နည်းပညာနှစ်ကို အောက်တိုဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

တရုတ်နိုင်ငံသည် သိပ္ပံနှင့် နည်းပညာတွင် ကမ္ဘာလုံးဆိုင်ရာ အဓိက စွမ်းဆောင်သူအဖြစ် လျင်မြန်စွာ ဖြစ်လာစေမည်ဖြစ်ကြောင်း၊ မိမိတို့သည် အနာဂတ်၌ သိပ္ပံနှင့်နည်းပညာ နယ်ပယ်တွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းသည် ထိုရင်ဆိုင်ရမှုများကိုကျော်လွှားနိုင်လိမ့်မည်ဖြစ်ကြောင်း အီးယူသိပ္ပံနှင့် သုတေသန အကြီးအကဲ ဂျာနက်ပိုတိုနစ်က ပြောကြားသည်ကို ကြေညာချက်၌ ဖော်ပြသည်။

တရုတ်-အီးယူသိပ္ပံနှင့်နည်းပညာနှစ် ဆောင်ရွက်နိုင်မှုသည် တရုတ်နိုင်ငံ၌ သိပ္ပံနှင့်နည်းပညာကို အလေးထားမှုများ ပိုမိုတိုးလာမည်ဖြစ်ပြီး အီးယူတွင်လည်း ပူးပေါင်းဆောင်ရွက်မှု၏အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လာမည့်၁၂လအတွင်း ဆောင်ရွက်မည့် အဆိုပါအစီအစဉ်တွင် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်နှင့်ပြပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်ကဏ္ဍများမှာ ကျန်းမာရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်၊ အစားအစာနှင့် ဇီဝနည်းပညာများပါဝင်ကြောင်းသိရသည်။

တရုတ်နှင့်အီးယူအကြား သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုသည် ၁၉၈၀ပြည့်လွန်နှစ်များက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၈ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်း၌ မာရှယ်လောအမြန်ရုပ်သိမ်းမည်မဟုတ် ကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောကြား

ဗန်ကောက် အောက်တိုဘာ ၁၅

ထိုင်းနိုင်ငံ၌ မာရှယ်လောဥပဒေ ထုတ်ပြန်ထားခြင်းကို အလျင်အမြန် ရုပ်သိမ်းပေးလိမ့်မည်မဟုတ်ကြောင်း၊ အနည်းဆုံး နောက်ထပ်တစ်လကြာ နိုင်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

ယင်းသတင်းကို နိုင်ငံတကာ အသိုင်းအဝန်းက သဘောကျလိမ့်မည်မဟုတ်ကြောင်း၊ ယင်းတို့သည် ထိုင်းနိုင်ငံ၌ စည်းကမ်းတင်းကျပ်မှုများကို အမြန်ရုပ်သိမ်းပေးရန် တိုက်တွန်းနေကြကြောင်း အဆိုပါ ကာကွယ်ရေးဝန်ကြီး ဘန်ရော့ဆွမ်တက်က ပြောကြားလိုက်ခြင်းဖြစ်သည်။

မာရှယ်လောဥပဒေသည် နိုင်ငံရေးနှင့် လူစုလူရုံးများဖြစ်လာမည်ကို ထိန်းချုပ်သည့်အနေဖြင့် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း၊ ထိုင်းလူမျိုးအများစုသည် နိုင်ငံရေး မတည်မငြိမ်ဖြစ်ရန် ကြိုးစားနေကြကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

တရုတ်ဆော့ဖ်ဝဲလ်တင်ပို့မှု တိုးမြှင့်ရန်စီစဉ်

ပေကျင်း အောက်တိုဘာ ၁၅

တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ၎င်း၏ဆော့ဖ်ဝဲလ်တင်ပို့မှုကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးအထိ တိုးမြှင့်တင်ပို့ရန်စီစဉ်ထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ဆော့ဖ်ဝဲလ်တင်ပို့မှုသည် နှစ်စဉ်၂၅ ရာခိုင်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဌာနမှ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်အရသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သစ်ပင်ရုပ်လုံးဖော်ပြိုင်ပွဲ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အောက်တိုဘာ ၁၃ရက်က နိုင်ငံတကာ သစ်ပင်ရုပ်လုံးဖော်ပြိုင်ပွဲတစ်ရပ် ကျင်းပလျက်ရှိသည်။

ယင်းသစ်ပင်ရုပ်လုံးဖော်ပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်းမှ သစ်ပင်ပန်းပုပညာရှင် များက လက်ရာမြောက်ထူးခြားသည့် သစ်ပင်ရုပ်လုံးဖော်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(အင်တာနက်)**

လေယာဉ်ပေါ်၌ မွေးဖွားသည့် ကလေးအား ၁၈နှစ်အရွယ်ထိ အခမဲ့လေယာဉ်စီးခွင့်ပေးမည်

ကူဝိတ်စီးတီး အောက်တိုဘာ ၁၅

ကူဝိတ်နိုင်ငံအခြေစိုက် ဂျဇီရာလေကြောင်းလိုင်းပိုင် လေယာဉ်ပေါ်တွင် အောက်တိုဘာ၁၁ရက်က မိန်းကလေးငယ်တစ်ဦးမွေးဖွားခဲ့ရာ သူမအတွက် ၂၀၂၄ခုနှစ် ၁၈နှစ်အရွယ်အထိ အခမဲ့ လေယာဉ်စီးနင်းလိုက်ပါခွင့်ပေးခဲ့သည်။

ကူဝိတ်စီးတီးမြို့တော်မှ အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန္ဒြားမြို့သို့ သွားသော လေကြောင်းခရီးစဉ်တွင် ယင်းမိန်းကလေးအား ခရီးသည်ဆရာဝန်နှင့် လေယာဉ်ဝန်ထမ်းနှစ်ဦးတို့က မွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

ကိုယ်ဝန် ရှစ်လရှိနေပြီဖြစ်သည့် ဟေဘာမက်ဒီအား ဒေသဆရာဝန်၏ ခွင့်ပြုချက်ဖြင့် လေယာဉ်စီးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် လေယာဉ်ထွက်ခွာလာပြီး မိနစ် ၅၀ အကြာ အမြင့် ပေ ၃၀၀၀၀ အရောက်တွင် ရုတ်တရက် မွေးဖွားခဲ့သည်။

ကလေးငယ်အား နန်စီဟုအမည်ပေးခဲ့သည်။အလက်ဇန္ဒြားသို့အလည်အပတ်သွားရောက်မည့် သားဖွားနှင့်မီးယပ်အထူးကုဆရာဝန် မိုဟာမက်အလ်ဆာလီက မွေးဖွားပေးခဲ့ပြီး အလက်ဇန္ဒြားမြို့အရောက်တွင် ဆေးဝါးစောင့်ရှောက်ရေးအဖွဲ့များက မိခင်နှင့်ကလေးငယ်အား ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

သတို့သမီး မုန့်ဝတ်စုံ

မုန့်ရှလုံးများဖြင့် ဝတ်စုံပြုလုပ် ဝတ်ဆင်ထားသော သတို့သမီး ဗစ်တိုးရီးယားအား ၎င်း၏ သတို့သား မုန့်ဖုတ်သမား ရှတီဖန်နီနှင့်အတူ ယူကရိန်းနိုင်ငံ အနောက်ပိုင်း ယူဟိုဟော့မြို့ မင်္ဂလာအခမ်းအနား၌ တွေ့ရခြင်းဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ သတို့သမီးမုန့်ဝတ်စုံအား ကြက်ဥ၊ သကြားတို့ဖြင့် ပြုလုပ်ထားသော မုန့်ရှလုံး ၁၅၀၀ဖြင့် ဖန်တီးပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

စုစည်းတင်ပြသူ – မြင့်မောင်စိုး

ကမ္ဘာတစ်ဝန်းတွင် သီတင်းပတ်အတွင်းဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်ပတ်သက်၍ ထူးထူးခြားခြားသတင်းအချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

အောက်တိုဘာ ၉

- ကမ္ဘာ့ရေနံဈေးနှုန်းမှာ တစ်စည်လျှင် ၅၉ ဒေါ်လာအောက် ကျဆင်းသွားခဲ့သည်။ ယင်းမှာ ရှစ်လတာ ကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။
- ဇင်ဘာဘွေနိုင်ငံတွင် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးလုပ်ငန်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းအတွက် ကွန်ဒုံး သန်း ၂၅၀ ကျော် အခမဲ့ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိသည်။

အောက်တိုဘာ ၁၀

- တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် တရုတ် အရှေ့မြောက်ပိုင်း၌ ဒေါ်လာ ၁၀ ဘီလီယံဖိုးရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် စီစဉ်လျက်ရှိသည်။ ယင်းမှာ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးမြှင့်ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။
- ဘယ်လ်ဂျီယံနိုင်ငံ အန့်ဝပ်မြို့၌ လီဆိုသိုနိုင်ငံမှ ထွက်ရှိသော ၆၀၃ ကရက်ရှိ စိန်ကြီးကို အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၆ သန်းဖြင့် လေလံတင် ရောင်းချလိုက်သည်။

လီဆိုသိုနိုင်ငံမှ ထွက်ရှိသည့် ဒေါ်လာ ၁၂ သန်းကျော် တန် စိန်ကြီးကို အရောင်းဝန်ထမ်းတစ်ဦးက ပြသနေခြင်း ဖြစ်သည်။

အောက်တိုဘာ ၁၁

- တရုတ် သိပ္ပံပညာရှင်များသည် ထမင်းချက်ပေးနိုင်သည့် စက်ရုပ်ကို ပထမဆုံး တီထွင်နိုင်ခဲ့သည်။
- ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အစိုးရရုံးများ၌ ၂၀၀၈ ခုနှစ်မှစ၍ ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။
- အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အထပ် ၅၀ ရှိ ကွန်ဒိုမီနီယံတစ်လုံးကို လေယာဉ်ငယ်တစ်စင်းက ဝင်တိုက်ခဲ့မှုကြောင့် လူနှစ်ဦး သေဆုံးသွားခဲ့သည်။

အောက်တိုဘာ ၁၂

- အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် မက်ဒေါနားသည် မာလာဝီမှ တစ်နှစ်သားအရွယ် ယောကျာ်းလေးတစ်ဦးအား မွေးစားလိုက်သည်။ ၎င်းကလေး၏ အမည်မှာ ဒေးဗစ်ဘန်ဒါ ဖြစ်သည်။
- အတ္တလန်တိတ် ဟာရီကိန်းမုန်တိုင်းများသည် ဆာဟာရသဲကန္တာရမှ မြင့်တက်လာသော ဖုန်တိမ်တိုက်ကြီးများဖြစ်ပေါ်မှုနှင့် ဆက်စပ်မှုရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

အောက်တိုဘာ ၁၃

- တရုတ်နိုင်ငံ၌ အချမ်းသာဆုံး အမျိုးသမီးများစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။ ကျန်ရင်ဆိုသော အသက် ၄၉ နှစ်ရှိ အမျိုးသမီးသည် အချမ်းသာဆုံးဖြစ်လာသည်။ သူမသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၅ ဘီလီယံ ချမ်းသာကြွယ်ဝပြီး နဂါးကိုးကောင် စက္ကူလုပ်ငန်းကို တည်ထောင်ထားသူဖြစ်သည်။ (အောက်ပုံ)

- ဂျူပီတာဂြိုဟ်တွင် သေးငယ်သော အနီပြောက်တစ်ခုသည် ပို၍အားကောင်းကာ ကြီးထွားလာနေကြောင်း နာဆာ၏ ဟာဘယ်မှန်ပြောင်းမှ တွေ့ရသည်ဟု ဆိုသည်။ ယင်းဂြိုဟ်၏ လေထုမှာ ၂၀၀၅ ခုနှစ်အကုန်က အဖြူရောင်ရှိရာမှ ယခုအခါ အနီရောင်သို့ ပြောင်းလဲလာသည်ဟု ဆိုသည်။

အောက်တိုဘာ ၁၄

- ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒဗလျူတီအိုသို့ ဝင်ရောက်တော့မည်ဖြစ်ရာ ယင်းကုန်သွယ်ရေးအဖွဲ့၏ ၁၅၀ မြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည် ဖြစ်ကြောင်း ဒဗလျူတီအိုက ပြောကြားလိုက်သည်။
- တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ယခုနှစ် သြဂုတ်လကုန်ပိုင်းမှစ၍ အပတ်စဉ် ခရီးစဉ် လေယာဉ်ပျံသန်းမှု ၆၄၄ ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း တရုတ် လေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားလိုက်သည်။
- တရုတ်နိုင်ငံလုပ် အကြမ်းဖက်တိုက်ဖျက်ရေးစက်ရုပ်ကို ပေကျင်းမြို့၌ ပထမဆုံး အများပြည်သူများအား ပြသခဲ့သည်။

အောက်တိုဘာ ၁၅

- ဩစတြေးလျနိုင်ငံ၌ အလွန်ဆိုးရွားစွာ မိုးခေါင်နေမှုကြောင့် စီးပွားရေးကျဆင်းမည်ကို ဝန်ကြီးချုပ်ဂျွန်ဟိုးဝပ်က သတိပေးလိုက်သည်။
- ဆိုက်ပရပ်(စ်)၌ ကြွက်မျိုးစိတ်အသစ်များတွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ ယင်းကြွက်မျိုးစိတ်သည် ဥရောပရှိ အခြားသောကြွက်များထက် မျက်စိ၊ နားနှင့် သွားများ ပို၍ကြီးမားသည်ဟု ဆိုသည်။
- အိန္ဒိယနိုင်ငံနှင့် အီးယူတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရန် စတင်ဆွေးနွေးလျက်ရှိသည်။
- လွန်ခဲ့သောနှစ်လက ပြန်ပေးဆွဲခံရသော အီတလီ ခရီးသွားနှစ်ဦးအား နိုင်ဂျီးရီးယား လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က ပြန်လွှတ်ပေးခဲ့သည်။
- ကမ္ဘာ့ဖျော်ဖြေရေး ဆုပေးပွဲတစ်ရပ်ကို နယူးယောက်မြို့၌ကျင်းပရာ ဂို့စ်ရုပ်ရှင်ကားမှ သရုပ်ဆောင် ဂိုးဘတ်သည် ၂၀၀၆ ခုနှစ် အကောင်းဆုံး အမျိုးသမီး ဖျော်ဖြေရေးဆုကို ဆွတ်ခူးခဲ့သည်။

(ကိုးကား–အင်တာနက်)

ဂြိုဟ်တုသုံးလုံးသယ်ဆောင်သွားသည့် အာရီယန်ဒုံးပျံ ပြင်သစ် ဂီယာနာအာကာသစခန်းမှ လွှတ်တင်

ဥရောပ အာကာသအေဂျင်စီမှ အာရီယန်–၅ အီးစီအေဒုံးပျံသည် ကမ္ဘာပတ် လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုသုံးလုံးကို သယ်ဆောင် လွှတ်တင်ပေးလိုက်ပြီ ဖြစ်သည်။

စမ်းသပ်ရေး

အဆိုပါ ဂြိုဟ်တုသုံးလုံးအနက် နှစ်လုံးမှာ အမေရိကနှင့် ဩစတြေးလျ တိုက်တို့တွင် ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးရန်ဖြစ်ပြီး ကျန် တစ်လုံးမှာ ဂျပန် အာကာသအေဂျင်စီ၏ စမ်းသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်

ယင်းဒုံးပျံကို အောက်တိုဘာ ၁၃ ရက်က ပြင်သစ် ဂီယာနာမှ ဒေသစံတော်ချိန် ၁၇ နာရီ ၅၆ မိနစ်က လွှတ်တင်လိုက်ခြင်းဖြစ်သည်။ **(ယာပုံ)**

ပစ်လွှတ်ပေး

အဆိုပါဒုံးပျံသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၃၆၀၀၀ အရောက်တွင် ဂြိုဟ်တုသုံးလုံးကို ကမ္ဘာပတ် လမ်းကြောင်းအတွင်းသို့ ပစ်လွှတ်ပေးခဲ့သည်ဟု ဆိုသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တိပိဋကကျောင်းတော် မဟာဘုံကထိန်လှူ သင်္ကန်းကပ်လှူပွဲ

ရန်ကုန် အောက်တိုဘာ ၁၅

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးဖွဲ့စည်း တည်ထောင်တော်မူခဲ့သော တိ=နိ(ရန်ကုန်ဌာန) တိပိဋကကျောင်းတော် အမှတ် ၁၂ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ဆရာတော်ကြီး၏ မွေးနေ့အထိမ်းအမှတ်နှင့် (၂၆)ကြိမ်မြောက် မဟာဘုံကထိန်လှူသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်(အောက်တိုဘာ ၂၇ ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ၊ အထက(၁) ဒဂုံ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အထက(၃) ဒဂုံ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိ=နိ အမှုဆောင်များနှင့် ရာသက်ပန်အဖွဲ့ဝင်များတို့က စုပေါင်းကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူ အလှူရှင် တိ=နိအဖွဲ့ဝင်များ၊ စေတနာရှင် ဓမ္မမိတ်ဆွေများ ကြွရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

သဲအင်းဂူ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ (နယ်လှည့်သာသနာပြု ဓမ္မကထိက) ဆရာတော် ဘဒ္ဒန္တ မိုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အောက်တိုဘာ ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်အတူ လာရောက် စာရင်းပေးသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ကြံခင်းမြို့နယ်ရှိ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်သို့ အောက်တိုဘာ ၆ ရက်တွင် စာအုပ်များနှင့် အသံချဲ့စက်တစ်စုံကို အသင်းဥက္ကဋ္ဌ ဦးစန်းလွင်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

ပရိဘောဂပစ္စည်းများအပြင် တန်ဖိုးနည်းသစ်များဆေးသွင်းပေါင်းခံ တံခါးကျည်းပေါင်၊ တံခါးများပြုလုပ်ပြီး ပြည်တွင်းဈေးကွက်ဖြန့်ဖြူးရောင်းချ

နေပြည်တော် အောက်တိုဘာ ၁၅

သစ်တောရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၁၄ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရွှေသပြေသစ်အခြေခံစက်မှုလုပ်ငန်း တံခါးကျည်းပေါင်နှင့် ပရိဘောဂစက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်း ဒါရိုက်တာ ဦးသိန်းဝင်းက လူသုံးနည်း သစ်များကို ဆေးသွင်း၍ တာရှည်ခံအောင်ပြုလုပ်ပြီး ပရိဘောဂများ ထုတ်လုပ်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှု၊ ပရိဘောဂ ပစ္စည်းများထုတ်လုပ်နေမှု၊ ဈေးကွက်တင်ပို့ရန် ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံမှ ကျွန်း၊ ပျဉ်းကတိုး ပရိဘောဂပစ္စည်းများအပြင် တန်ဖိုးနည်းသစ်များကို တာရှည်ခံအောင် ဆေးသွင်းပေါင်းခံပြီး ပရိဘောဂပစ္စည်းများ၊ တံခါးကျည်းပေါင်၊ တံခါးများပြုလုပ်၍ ပြည်တွင်း ဈေးကွက်အတွင်း ဖြည့်ဆည်းရောင်းချပေးပြီး ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်းကင်းကျောင်းတိုက် မဟာဘုံကထိန်အလှူ

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်း မင်းကင်းကျောင်းတိုက်၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ် လှူဒါန်းပွဲကို (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း၉ရက်)၊ အောက်တိုဘာ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ၎င်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကထိန်လျာသင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုများကို ဖုန်း–၀၉၅–၁၂၆၈၂၂၊ ၅၅၆၆၃၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် မိခင်ကြီးဒေါ်စန်းကြည်အားအမှူးထား၍ ဒေါ်စန်းစန်းဝင်း(၅၂)နှစ်မြောက် မွေးနေ့အလှူ လက်ထောက်ညွှန်ကြားရေးမှူး ထောက်ပံ့ဌာန နေပြည်တော် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၄၁)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၁)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး 'အွန်စော၊ ဂျွန်စောတို့၏ ကောဘီအက်စ်'၊ ပင်လယ်ပြင်တွင်မျောပါနေသော မြန်မာရေလုပ်သားဆယ်ဦးကို ဒေဂူးရေနံတူးဖော်ရှာဖွေရေးသင်္ဘောက ကယ်တင်ခဲ့၊ ကိုယ်တိုင် အခွန်စည်းကြပ်စနစ် မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်တော့မည်၊ ပဥ္စကမ္မနည်းဖြင့် ဇဖပါးရောဂါများကို ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင် ကုသပေးနေ၊ ကာတာနိုင်ငံတွင် သွားရောက်အလုပ်လုပ်ခဲ့သော မြန်မာလုပ်သားအချို့ အလုပ်မှတိတ်တဆိတ် နုတ်ထွက်ပြန်လာမှုများရှိနေ၊ အမျိုးသားညီလာခံသို့ လာရောက်သတင်းရယူသော ဘီဘီစီမှ အယ်ဒီတာ ဦးကျော်ဇံသာနှင့် အင်တာဗျူးစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

အင်္ဂလန်အသင်းရဲ့ရှေ့ရေး ရင်လေးမိတယ် အားကစားသတင်းဆောင်းပါးနှင့်အတူ သဟဇာတ လူ့ဘောင်ဖြစ်တည်ရေး တရုတ်နိုင်ငံ စိန်ခေါ်ချက်ရှစ်ခုနှင့် ရင်ဆိုင်နေရ၊ သုဝဏ္ဏဘုမ္မိလေဆိပ်သည် စင်ကာပူ၏ ချန်ဂီကို ယှဉ်ပြိုင်နိုင်စွမ်းရှိ၊ ရှင်ဇိုအာဘေး၏ဇနီးသည် သူမတူသော ဝန်ကြီးချုပ်ကတော်ဖြစ်ဟုဆိုစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိထားသည်။

(သတင်းစဉ်)

အခမွှ

ရိုးရာစဉ်ဆက် ထိန်းသိမ်းလျက်ပင်၊
ခြေလက်ခေါင်းခါး၊ လှုပ်ရှားနွဲ့ယိမ်း၊
အသိမ်းအယူ၊ မူဟန်နုရွ၊
သိမ်မွေ့စွတည့်၊ ကဗျာကကြိုး၊
နိုးထရှင်သန်၊ သံစဉ်ခုနစ်ပါး၊
စည်းဝါးတကျ၊ ဖွဲ့သီကြသည်၊
မြန်မာ့သုခုမ၊ အလှသဘင်၊
စင်တင်ပွဲတော်၊ နွဲ့ပျော်ရွှင်ပျ၊
ဆို၊ က၊ ရေး၊ တီး၊ ပြိုင်ပွဲကြီးဖြင့်၊
ပေါင်းစည်းထုဆစ်၊ မျိုးဆက်သစ်သို့၊
လက်ဆင့်ကမ်းနေ၊ ဒို့အမွေသည်၊
ခွန့်ရှည်ကမ္ဘာ တည်ရမည်။

[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဂုဏ်ပြုလျက်–]

ကေတုနီလာ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကျောက်မြောင်း တာမွေမြို့နယ် ၁၄၅လမ်း အမှတ်၂နေ ဦးစိန်ဝင်း–ဒေါ်ရှုရင် သားသမီးမြေးတစ်စု မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကောသလ္လ (B.A)မွေ့စရိယထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၁၀–၂၀၀၆ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅	၈။	မြေခဲတောင်ရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar Made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးဂီတအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇း၀၀	၅။	အကပဒေသာ
၁၇း၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၃၀	၇။	**"အားနာလိုက်တာ"** မော့စ်၊ ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း–၁၇)
၁၈း၅၅	၁၃။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉း၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း–၉)
၁၉း၅၅	၁၅။	ကမ္ဘာ့စားနပ်ရိက္ခာနေ့ဂုဏ်ပြုအစီအစဉ်
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း–၁၃)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

မင်္ဂလာဗျူဟာသွေးလှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၅

ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း၌ အောက်တိုဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များသည် အောက်တိုဘာ ၂၁ရက် (စနေနေ့) နံနက် ၇နာရီမှစ၍ အသင်းချုပ်သို့ လာရောက်ကာ အသိအမှတ်ပြုကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ပြီးမည်သူမဆို အာဟာရကုသိုလ်ဖြင့်လည်းကောင်း၊ ပဒေသာမဲ(အမှတ်တရပစ္စည်း)ပေးရန်အတွက် အလှူငွေများနှင့် ပစ္စည်းများကို တတ်စွမ်းသရွေ့ ပေးလှူကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။ **(၃၅၂)**

ရွှေတြိဂံဒေသဘိန်းထုတ်လုပ်မှု ကမ္ဘာ့ဘိန်းထွက်ပမာဏ၏(၅)ရာခိုင်နှုန်းသာရှိ ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းမှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၁၅

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရုံးတို့ပူးပေါင်း၍ အောက်တိုဘာ၁၃ရက် မွန်းလွဲပိုင်းက ဆီဒိုးနားဟိုတယ်၌ ရွှေတြိဂံဒေသ၏ ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းမှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ကျင်းပခဲ့သည်။

တက်ရောက်

သတင်းစာရှင်းလင်းပွဲသို့ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့်ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်မြို့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Shariq Bin Raza နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်တို့က အမှာစကားပြောကြားကြပြီး ဘိန်းခင်းတိုင်းတာရေးကျွမ်းကျင်သူ Mr. Xavier Bouan က တိုင်းတာရရှိမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ကျဆင်းခဲ့

ရှင်းလင်း ပြောကြားချက်များအရ ရွှေတြိဂံဒေသ၌ ၂၀၀၆ခုနှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၉ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၉၉၈ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၅ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ မြန်မာ၊လာအိုနှင့် ထိုင်းနိုင်ငံတို့၌ ၂၀၀၅ခုနှစ်က ဟက်တာ၃၄၇၂၀စိုက်ပျိုးခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ဟက်တာ၂၅၁၆၀ အထိ ကျဆင်းသွားကြောင်း၊ ၁၉၉၈ခုနှစ်က ဘိန်းဟက်တာ ၁၅၇၉၀၀ စိုက်ပျိုးခဲ့ပြီး ကမ္ဘာ့ဘိန်းထွက်ပမာဏ၏ ၃၃ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၅ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာ့ဘိန်းထွက်ပမာဏ၏ ၉၅ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိကြောင်း။

ရွှေတြိဂံဒေသ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းမှု အခြေအနေကို ဆက်လက်ထိန်းသိမ်းရန်နှင့် ဘိန်းအစားထိုးစိုက်ပျိုးသီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေး ဘိန်းစိုက်တောင်သူများအား ကူညီပံ့ပိုးနိုင်ရေးအတွက် အလှူရှင်နိုင်ငံများက အကူအညီများ ဆက်လက်ပေးသွားရန် လိုအပ်ကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ ရက်စခန်း တရားပွဲများ

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြို့ ဗဟန်း အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၌ တရားစခန်းပွဲများ တစ်လလျှင် နှစ်ကြိမ်ပြုလုပ်လျက်ရှိရာ အောက်တိုဘာ၂၀ရက်မှ ၂၉ရက်အထိ ဦးဣန္ဒာဝုဓာဘိဝံသ ထူးကြီးဆရာတော်က လည်းကောင်း၊ နိုဝင်ဘာ ၅ရက်မှ ၁၄ရက်အထိ ဦးပုညာနန္ဒ ပုညာရာမကျောင်းက လည်းကောင်း၊ ၂၀ရက်မှ ၂၉ရက်အထိ ဦးသုမန စစ်ကိုင်းက လည်းကောင်း၊ ဒီဇင်ဘာ ၅ရက်မှ ၁၄အထိ ဦးအနောပမ ပဲခူးက လည်းကောင်း၊ ၂၀ရက်မှ ၂၉ရက်အထိ ဦးဩဘာသ လေးထောင့်ကန်ကလည်းကောင်း၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၅ရက်မှ၁၄ရက်အထိ ဦးသုန္ဒရ ပခုက္ကူက လည်းကောင်း၊ ၂၀ရက်မှ၂၉ရက်အထိ ဦးသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းတောရ တပ်ဦးကျောင်းက လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

✡ **ကျောဖုံးမှ**

တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ပြည်တော်အေးကမ္မဋ္ဌာန်းကျောင်းဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓဉာဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကြပ်မတ်ဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့ဆိပ်ကမ်းရှိ ဘုရင့်နောင်ဆိပ်ခံတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆိပ်ခံတံတားပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ မော်တော်ယာဉ်ရပ်နားစခန်းများ၊ အဝေးပြေးမော်တော်ယာဉ်များအတွက် ရပ်နားနေရာ သတ်မှတ်ပေးရေး နယ်စပ်ဆိပ်ကမ်းဖြစ်သည်နှင့်အညီ စနစ်တကျရှိ၍ သန့်ရှင်းသပ်ရပ်စေရေးအတွက် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြပြီး ကော့သောင်းမြို့ မြို့မ ဆိပ်ခံတံတားသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ နိုင်ငံသားများ တစ်ဖက်နိုင်ငံသို့ တရားဝင်သွားရောက် လည်ပတ်၍ ဗဟုသုတရှာဖွေနိုင်ရန်နှင့် တရားဝင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်သန်းခွင့်ကို တရားဝင်ခွင့်ပြုထားခြင်းဖြစ်ရာ ဝန်ထမ်းများ အနေဖြင့် သတ်မှတ်ထားသော အခွန်အခ အပြည့်အဝရရှိရေး၊ မိမိတို့၏ ဝန်ဆောင်မှုတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပေးရေး၊ မသမာသော နည်းလမ်းများဖြင့် ကိုယ်ကျိုးရှာဖွေခြင်းကို ရှောင်ကြဉ်ရေး၊ နယ်စပ်အမိန့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ မိမိတို့တာဝန်ကို အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စေတနာထား လုပ်ကိုင်ဆောင်ရွက်ကြရေး မှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ ရွှေဝက်ဝံကုမ္ပဏီလီမိတက်၏ ဆိပ်ခံတံတားနှင့် အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာတောင်ကုန်း၌ ကျင်းပသော ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်များ ရွက်ဖျန်းမြေသြဇာ ပက်ဖျန်းခြင်းနှင့် အပင်ပြုစုခြင်း သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးက ကော့သောင်းခရိုင် အနေဖြင့် ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ခြံစည်းရိုး ကြက်ဆူပင်ဧက တစ်သိန်း စိုက်ပျိုးရေး စီမံကိန်းအရ ၂၀၀၆–၂၀၀၇ ခုနှစ်မှစ၍ ကျေးရွာ ခြံစည်းရိုး၊ မြို့တွင်း ခြံစည်းရိုး၊ ဥယျာဉ်ခြံစည်းရိုး၊ မြေရိုင်း၊ တောရိုင်း၊ကြိုးဝိုင်းတို့၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်၊ ကြက်ဆူမျိုးစေ့နှင့် ပျိုးပင်များ ရရှိနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လောင်စာလိုအပ်ချက် ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်မည့် ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေး တာဝန်အဖြစ် အလေးထားစိုက်ပျိုးကြရေး၊ စီမံကိန်းအရ သတ်မှတ်ပေးထားသော စိုက်ဧကတစ်သိန်းကို အပြည့်အဝ စိုက်ပျိုးရေး၊ အိမ်ခြံစည်းရိုး၊ ရုံးခြံစည်းရိုးတို့အပြင် မြေလွတ်မြေလပ်တို့၌ ကိုယ်ပိုင်စိုက်ပျိုးကြရေး၊ စီးပွားဖြစ်စိုက်ပျိုးမည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်၊ မြေနေရာနှင့် လိုအပ်သော ပံ့ပိုးမှုများပေး၍ စိုက်ပျိုးကြစေရေး၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများ၊ အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး စိုက်ပျိုးသွားရေး မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ရွှေပြည်သာ တောင်ကုန်း၌ ရပ်ကွက် (၆)ရပ်ကွက်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ (၈) ခုတို့၏ ခြံစည်းရိုး ကြက်ဆူပင်စိုက် ခင်းများ၌ ရွက်ဖျန်း ဓာတ်မြေသြဇာ ကြဲပက်၍ အပင်ပြုစု နေမှုများနှင့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကော့သောင်းမြို့နယ် မြေခံတပ်နယ် ဘုရင့်နောင်ခန်းမ၌ ကော့သောင်းခရိုင်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ကော့သောင်းခရိုင်အနေဖြင့် ဒေသဆန် ဖူလုံရေးကို စနစ်တကျ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တွင် ၁၉၈၈ ခုနှစ် မတိုင်မီကာလက စပါးစိုက်ဧက ၁၁သိန်းကျော်သာ ရှိခဲ့ရာမှ ယခုအခါတွင် မိုးစပါး၊ နွေစပါး စိုက်ဧက ၁၈ သန်းကျော်အထိ စိုက်ပျိုးနိုင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ နှစ်စဉ်တိုးတက်နေသော လူဦးရေ အချိုးအစားအရ ယခုထက် ပိုမိုစိုက်ပျိုးရဦးမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုတွင် စိုက်ဧကတိုးမြှင့်ရေး သီးနှံအထွက်နှုန်းတိုးတက်ရေးတို့ကို အလေးထားလျက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးအကျိုးရလဒ်နှင့် စိုက်ပျိုးရေးအသိပညာ တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသ၏ ရေရှည်အဓိက စီးပွားဖြစ်လုပ်ငန်းဖြစ်လာအောင်အထိ ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စပါးအထွက် ပန်းတိုင်အထွက်နှုန်းရောက်ရှိအောင်ကြိုးပမ်းကြရဦးမည်ဖြစ်ကြောင်း။

စနစ်တကျလုပ်ကိုင်

ထို့အတူ နိုင်ငံခြားဝင်ငွေရရှိနိုင်မည့် သားငါးထုတ်လုပ်မှုလုပ်ငန်းကိုလည်း နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှ စနစ်တကျကြိုးစားလုပ်ကိုင်ရန် လိုအပ်ကြောင်း၊ ဤဒေသသည် သားငါးထုတ်လုပ်မှုအတွက် အခြေခံကောင်းများရှိနေသည့်အပြင် ပြည်ပသို့ ထုတ်လုပ်တင်ပို့ရန် လွယ်ကူသော ဒေသဖြစ်သည်နှင့်အညီ သားငါးထုတ်လုပ် တင်ပို့မှုလုပ်ငန်းကို စနစ်တကျ လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်က အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်နေသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ အိမ်တိုင်း၊ ရွာတိုင်း၊ ရုံးတိုင်း တို့၌ စိုက်ပျိုးကြရန်နှင့် စီးပွားဖြစ် စိုက်ပျိုးမည့် နိုင်ငံသားများအား လုပ်ကိုင်ခွင့်နှင့် မြေနေရာများ သတ်မှတ်ပေးရမည့်အပြင် ထွက်ရှိလာသော ကြက်ဆူသီးများမှ ဘိုင်အိုဒီဇယ်ထုတ် လုပ်သုံးစွဲနိုင်အောင် ဆီကြိတ်စက်နှင့်ဆီချောထုတ်စက်ရုံများကိုတည်ထောင်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုကို သက်ဆိုင်ရာ ဒေသတာဝန်ရှိအဖွဲ့ အစည်းများက ဦးဆောင်ကြီးကြပ်၍ သတ်မှတ်ပေးထားသော စိုက်ဧကတစ်သိန်း ပြည့်မီအောင် နည်းလမ်း အမျိုးမျိုးဖြင့် စိုက်ပျိုးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ
အစဉ်ထာဝရ ထိန်းသိမ်းကြ

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆
အောက်တိုဘာလ(၂၁)ရက် မှ (၂၅)ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့

တောင်ဥက္ကလာပမြို့နယ်(၈)ရပ်ကွက် သစ္စာဥယျာဉ်လမ်း ဣန္ဒြိတံလုံးချင်းအိမ်ရာ အမှတ် ၁၁/ကနေ ဦးထွန်းကြည်– ဒေါ်တင်ဦး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း(ကိုယ်စား)အုပ်ချုပ်ရေးမှူးချုပ်ဦးပြုံးက လက်ခံယူစဉ်။ (က–ပ)

မြန်အောင်သမ္ဗုဒ္ဓေသံဃာ့(၁၀၈)ဆူ စေတီရံများလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၅

ရောဝတီတိုင်း မြန်အောင်မြို့ ပရပဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားတွင် ဘုရားအဆူငါးသိန်းကျော် တည်ထားပူဇော်နေရာ ရုပ်ပွားအဆူ ၅၀၀၊ သံဃာ့(၁၀၈)ဆူ စေတီရံတစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် လှူဒါန်းနိုင်ကြသည်။ နှစ်စဉ် ရွှေသင်္ကန်း ကပ်လှူနိုင်ရန် ရာသက်ပန်ရွှေသင်္ကန်း ထာဝရပဒေသာပင် တစ်ပင် (ကျပ်တစ်သိန်း) စိုက်ထူလှူဒါန်းနိုင်ကြောင်းနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် အဓိဋ္ဌာန်အောင်သာသနာပြု ဆရာတော် ရန်ကုန်အကျိုးဆောင် တိုက်အမှတ် ၁၂၉၊ ၂၄လမ်း သိမ်ကြီးဈေးအနောက်ဘက်သို့ ကြွရောက်ချီးမြှင့်မည်ဟု သိရသည်။ (က–ပ)

လေးတောင်မြို့နယ်အသင်း ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၅

ရမ်းဗြဲမြို့နယ် လေးတောင်နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် ဘုံကထိန်အလှူ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်တိုဘာ ၁၂ရက်(စနေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရား အရှေ့မုခ်အနီး ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ဝိပဿနာစေတီတော်ကြီးအတွက် အလှူတော်ငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၅

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ဝိပဿနာစေတီတော်ကြီးအတွက် ပဉ္စမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့၏ ဓမ္မဇောတိဝိပဿနာရိပ်သာ၌ကျင်းပရာ ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ ဓမ္မဇောတိဝိပဿနာရိပ်သာ(ရန်ကုန်) ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဥဂ္ဂါက ဝိပဿနာစေတီတော်ကြီးအကြောင်း သိကောင်းစရာနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဝိပဿနာစေတီတော်ကြီးအတွက် မိခင်ဒေါ်အေးတင်အား အမှူးထား၍ ဦးမြင့်သိန်း– ဒေါ်နန်းကြူ မိသားစု(အောင်သိဒ္ဓိရှင်မတောင်နံ့သာတိုင် အထက်မြန်မာပြည် ဖြန့်ချိရေး) က တန်ဖိုးငွေကျပ်၄၆၃၀၀၀၀ရှိ ရွှေချောင်းတစ်ချောင်း၊ ကွယ်လွန်သူ ဖခင်ကြီး ဦးမောင်ခင်–မိခင်ကြီး ဒေါ်ကျင်လှိုင်တို့အား အမှူးထား၍ ဦးချစ်ဝင်းမောင်–ဒေါ်ဝင်းဝင်းမြင့် မိသားစုတို့က ငွေကျပ်သိန်း၃၀၊ ဦးအိကြူ–ဒေါ်အိလန် (သိန်းကမ္ဘာအမှုန့်ကြိတ်စက်)က ငွေကျပ်၁၀ သိန်း၊ ကွယ်လွန်သူ ဦးတင်ထွန်း (ဒုတိယဝန်ကြီး–ငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာန)အား ရည်စူး၍ ကျန်ရစ်သူ မိသားစုက ငွေကျပ် ၁၀သိန်း၊ မိဘ ဘိုးဘွားတို့အား ရည်စူး၍ ဦးရွှေသန်း–ဒေါ်ရှမ်း(ခ)ဒေါ်နုနုခင် သမီးမမြတ်မြတ်သန်း–သား တင်အောင်သန်း မိသားစုတို့က ငွေကျပ်လေးသိန်းနှင့် ငွေကျပ်ကိုးသိန်းတန်ဖိုးရှိ ကျောက်စိမ်း ကိုးလုံးပါ ရွှေလက်ကောက်တစ်ကွင်း၊ ဒေါ်ခင်မကျော် မိသားစုက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ဥဿဖရား ရွှေလက်ကောက်တစ်ကွင်း၊ သိမ်ကြီးဈေး (A) ရုံနှင့်(B)ရုံ ဈေးသူ ဈေးသားများ ကောင်းမှုအဖြစ် စုစုပေါင်း အလှူငွေကျပ်၇၅၀၀၀၀၊ ကွယ်လွန်သူ ဒေါ်မမလေး ဖခင် ဦးမင်းလွင်နှင့် အစ်ကို ဦးထိန်ဝင်းတို့အား ရည်စူး၍ ငွေကျပ် ၂၀၄၀၀၀၀တန်ဖိုးရှိ စိန်လက်စွပ် နှစ်ကွင်း၊ စိန်နားကပ်တစ်ရန်၊ ဦးထွန်းကြိုင်–ဒေါ်သွယ် မိသားစုက ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ရတနာပစ္စည်း လေးမျိုး၊ ဦးလင်းဝင်း–ဒေါ်ရီရီစိန် မိသားစုက ငွေကျပ်၁၀ သိန်း၊ ကွယ်လွန်သူ ဦးကျော်ငြိမ်းအား ရည်စူး၍ ဒေါ်ခင်လေးညို သမီးမိုးစန္ဒာကျော်ကောင်းမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀၊ ဦးဘရှင်(ရွှေကူ)အား ရည်စူး၍ ဒေါ်စက်မေ ကောင်းမှုအဖြစ် ငွေကျပ်၁၅သိန်း အပါအဝင် အလှူရှင် စုစုပေါင်း၂၂၈ဦးတို့က အလှူငွေ စုစုပေါင်း အက်ဖ်အီးစီ ၂၁၀၊ အမေရိကန်ဒေါ်လာ ၂၅၂၀နှင့် ငွေကျပ် ၄၂၁၈၃၄၀၅တို့ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံကြသည်။

(အပေါ်ပုံ)

စုပေါင်းအမျှဝေ

ယင်းနောက် သာသနာရေး ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က ကျေးဇူးတင်ဝမ်းမြောက် စကားပြောကြားပြီး လှူဒါန်းမှု တို့အတွက် စုပေါင်းအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောက်တိုဘာ ၁၄ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိလစ်လပ်ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို ပျဉ်းမနားမြို့ အထက်တန်းကျောင်းစာစစ်ဌာနများတွင်ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသောဦးလှမြင့်ဦး၊ဦးဝင်းအောင်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစဉ်။ (သတင်းဖော်ပြပြီး)(သတင်းစဉ်)



နိုးကြားထက်မြက်တဲ့ ဇာတိသွေး ဇာတိမာန်စိတ်ဓာတ်နဲ့ အမျိုးသားရေးစိတ်အခြေခံကောင်းများကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေကောင်းပေးနိုင်အောင် အနုပညာစွမ်းပကားဖြင့်ကြိုးပမ်း

● ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး“ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ” “မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေးဂုဏ်သိက္ခာကို စောင့်ရှောက်မြှင့်တင်နိုင်ကြပါစေ”လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဟန်ချက်ညီညီတိုးတက်ဖြစ်ထွန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်မှာ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပေးနိုင်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး နယ်ပယ်ကဏ္ဍစုံမှာ အားသွန်ခွန်စိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့စီးပွားရေး ဘဝ တိုးတက်ခိုင်မာစေဖို့ သိပ္ပံနဲ့နည်းပညာရပ်များ တိုးတက်ထွန်းကားပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့၊ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအား ပြည့်ဝခိုင်မာစေဖို့ လိုအပ်သည်သာမက ပညာရေး၊ ကျန်းမာရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေးတို့ပါဝင်တဲ့ လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများဟာလည်း ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေစေဖို့ လိုအပ်ပါတယ်။

နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်ခံ့စေရေးမှာ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှုနဲ့ နယ်မြေပိုင်နက်တည်တံ့ခိုင်မြဲမှုဂုဏ်ရည်တို့ဟာ နိုင်ငံသူ နိုင်ငံသားတိုင်းက အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်အပ်တဲ့ နိုင်ငံတော်ရဲ့ ဂုဏ်အင်္ဂါရပ်များဖြစ်ပါတယ်။ အလားတူပဲ မျိုးရိုးစဉ်လာ ထိန်းသိမ်းစောင့်ရှောက်မှု၊ အမျိုးသားယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရအောင် ကာကွယ်ထိန်းသိမ်းမှုတို့ဟာ မိမိလူမျိုး၊ မိမိအမျိုးအနွယ် ရှင်သန်တည်မြဲရေးအတွက် အသက်သွေးကြောသဖွယ် အစဉ်သက်ဝင်နိုးကြားနေစေရမယ့် အမျိုးသားရေးစွမ်းအားတွေပဲ ဖြစ်ပါတယ်။

အစွန့်ရှည်တည်တံ့ခိုင်မြဲရေး

ထို့အတူပဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်လို တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ်နေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စု စိတ်ဓာတ်တို့ဟာ မိမိတို့ရဲ့ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အသက်ဝိညာဉ်သဖွယ် ထိန်းသိမ်းအပ်တဲ့ စိတ်ဓာတ်ရေးရာ စွမ်းအားကောင်းတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် မိမိနိုင်ငံ မိမိလူမျိုး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနဲ့ နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မြင့်မားမားနဲ့ တင့်တင့်တယ်တယ် ရပ်တည်နိုင်စေရေးတို့အတွက် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံးဟာ နိုင်ငံတော် ကာကွယ်ထိန်းသိမ်းရေးအပိုင်းမှာ စိတ်ဓာတ်ရေးရာ စည်းလုံးညီညွတ်မှု ခိုင်ခိုင်မြဲမြဲရှိနေစေဖို့ လိုအပ်သလို အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအပိုင်းမှာလည်း တစည်းတလုံးတည်း တညီတညွတ်တည်းရှိနေစေဖို့ လိုအပ်ပါတယ်။

ထိုက်ထိုက်တန်တန်အသုံးပြု

ဒီလိုအခြေအနေ အချိန်အခါမျိုးမှာ အသိဉာဏ်နဲ့ ခံစားမှုကို ဆက်စပ်ပေးနိုင်တဲ့ မြန်မာ့ရိုးရာအနုပညာရပ်များရဲ့ ထက်မြက်သောစွမ်းအားကောင်းကို အမျိုးသားရေးအတွက် ထိုက်ထိုက်တန်တန် အသုံးပြုပြီး ပြည်သူတစ်ရပ်လုံးရဲ့ စိတ်ပိုင်းဆိုင်ရာ စည်းလုံးညီညွတ်မှု စွမ်းအားကောင်းတွေ အစဉ်ထာဝရ နိုးကြားရှင်သန်နေစေရအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် အားသစ်လောင်း တည်ဆောက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်နဲ့ မြန်မာလူမျိုးတို့ရဲ့ ဖြစ်တည်လာမှု သမိုင်းစဉ် အဆင့်ဆင့်မှာ ရှေးဦးအစကာလများကစတင်ပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခိုင်ခံ့တဲ့ မြို့ပြနိုင်ငံတွေ ထူထောင်နိုင်ခဲ့သလို သိမ်မွေ့နက်ရှိုင်းတဲ့ ယဉ်ကျေးမှုအဆောက်အအုံကြီးကို ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားနိုင်ခဲ့တာတွေ့ရပါတယ်။ ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိမှု အထောက်အထားတွေ၊ သမိုင်းသုတေသနပြု ဖော်ထုတ်ချက်တွေအရ မြန်မာ့သမိုင်းကြောင်းနဲ့ မြန်မာ့ယဉ်ကျေးမှုတို့ရဲ့ အဦးအစဟာ မူလက စာထက်အက္ခရာတင်ထားခဲ့တဲ့ ကာလများ ထက်ပင် တစ်စထက်တစ်စ ပိုမိုရှေးကျပြီး စောစီးစွာဖြစ်ထွန်းခဲ့တယ်ဆိုတဲ့ အထောက်အထားတွေကို ဂုဏ်ယူဖွယ် ထပ်မံတွေ့ရှိနေရပြီ ဖြစ်ပါတယ်။

ဂုဏ်သိက္ခာရှိရှိရပ်တည်

ဒါ့အပြင် မြန်မာ့သမိုင်းအစဉ်အဆက်မှာ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားပြီး မိမိတို့ထက် အင်အားသာလွန်ကြီးမားတဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ အကြားမှာ ဇာတိသွေး၊ ဇာတိမာန် ထက်သန်နိုးကြားစွာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဂုဏ်သိက္ခာရှိရှိရပ်တည်ပြီး မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်သာမက မိမိတို့ နှစ်ပရိစ္ဆေဒ ရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြတဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင် အနုပညာ၊ ကိုယ်ပိုင်ဓလေ့စရိုက် အစဉ်အလာကောင်းတွေကို မပျောက်မပျက် ရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြတာဟာလည်း အလွန်အားကောင်း ခိုင်ခံ့လှတဲ့ မျိုးရိုးဂုဏ်ရည်တွေပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ မျိုးရိုးဗီဇနဲ့ သဘာဝအသိတရားရဲ့ စေ့ဆော်မှုအရ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်ပင်ပြန့်ပွား ထွန်းကားအောင် ပြုစုပျိုးထောင်ခြင်း၊ သားစဉ်မြေးမြစ် ပြောထုံးဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးဝေခြင်းစတဲ့ အစဉ်အလာကောင်းတွေနဲ့ ထုံမွှမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင် ရပ်တည်နေဆဲဖြစ်ပါတယ်။ မြန်မာ့သမိုင်းအစမှာ ပေါ်ထွန်းခဲ့တဲ့ တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစတဲ့ မြို့ပြနိုင်ငံများရဲ့ ခေတ်ကာလမှာပင် အဆင့်အတန်းမြင့်မားတဲ့ မြန်မာ့ယဉ်ကျေးမှုရဲ့ ဂုဏ်ဒြပ်နဲ့ အရည်အသွေးကို ခေတ်ပြိုင်အိမ်နီးချင်းနိုင်ငံတွေက အသိအမှတ်ပြု မှတ်တမ်းတင်ခံခဲ့ရတာ ဖြစ်ပါတယ်။

ပိုမိုထွန်းကားဝေစည်

သရေခေတ္တရာမြို့ဟောင်း ဘုရားမာအနီးက တူးဖော်ရရှိခဲ့တဲ့ ကခုန်တီးမှုတ်နေဟန် ပျူကြေးရုပ် ငါးရုပ်ဟာ ရှေးဦးအစကာလများကပင် နက်နဲသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားစွာ ဖြစ်ထွန်းနေပြီဖြစ်တဲ့ မြန်မာ့အနုသုခုမပညာရဲ့ ဂုဏ်ပုဒ်ကို ဖော်ညွှန်းပြဆိုနေတဲ့ ခိုင်မာသော အထောက်အထားများပဲ ဖြစ်ပါတယ်။ ရှည်လျားလှတဲ့ မြန်မာ့ယဉ်ကျေးမှု သမိုင်းအစဉ်အလာများကို လက်ဆင့်ကမ်းပေးဝေရင်း ထိန်းသိမ်းခဲ့ကြတာမို့ ပုဂံခေတ်ရဲ့အလှဟာ ဒီကနေ့တိုင် မြဲခိုင်နေတာပဲဖြစ်ပါတယ်။ မြန်မာ့ဂီတရဲ့ တေးသီချင်းအစလို့ဆိုနိုင်တဲ့ မြင်စိုင်းခေတ်ရဲ့ ကာချင်းများဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ်နဲ့ ဘာသာ၊ သာသနာဂုဏ်တို့ကို ထွန်းတောက်စေပြီး စိတ်ပိုင်းဆိုင်ရာ တက်ကြွမှုတွေနဲ့ ဖွဲ့ဆိုသီကုံးထားတာဖြစ်ပါတယ်။ ပျူ၊ ပုဂံ၊ မြင်စိုင်းတို့ရဲ့ ယဉ်ကျေးမှုနိဒါန်းဟာ အင်းဝခေတ်မှာတော့ ပိုမိုထွန်းကား ဝေစည်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

အခက်အလက်၊ အသီး၊ အရွက်တို့နဲ့ ကုံလုံပြည့်စုံကြွယ်ဝလှတဲ့ မြန်မာ့ယဉ်ကျေးမှုပင်စည်ကြီးဟာ အင်းဝခေတ်မှာ အရှင်သန်ဆုံးလို့ ပြောစမှတ်ပြုရမှာ ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်မှာတော့ စာဆိုများ၊ အနုသုခုမပညာရှင်များရဲ့ အမျိုးသားမှုဟန်မပျက် တီထွင်ဖန်တီးမှုတွေကြောင့် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်ဟာ ပိုမိုကျယ်ပြန့် နက်ရှိုင်းလာခဲ့သလို ခံ့ထည်ဝင့်ကြွားမှုတွေနဲ့ ဆန်းသစ်လျက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။

နက်နဲသိမ်မွေ့

ဒီလိုနှစ်ပရိစ္ဆေဒရှည်ကြာစွာ အပြန်အလှန် ပေါင်းစည်းယှက်နွယ် ဖွံ့ဖြိုးစည်ပင်လာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များဟာ အဆို၊ အက၊ အရေး၊ အတီးပညာရပ်နယ်ပယ် အသီးသီးမှာ သူ့မူ၊ သူ့ဟန်၊ သူ့အထာ၊ သူ့သမ္မာတို့နဲ့ သီးသီးသန့်သန့်စီ ဖြစ်ထွန်းနေခဲ့သလို ဒီအဆို၊ အက၊ အရေး၊ အတီးပညာရပ်များရဲ့ နက်နဲသိမ်မွေ့စွာ ပေါင်းစည်းဖြစ်တည်နေမှု၊ ပညာရပ်တစ်ခုနဲ့တစ်ခု အပြန်အလှန် ပံ့ပိုးထောက်ကူနေမှုများဟာလည်း တစ်မူထူးခြားလှတာ တွေ့နိုင်ပါတယ်။

အထူးသဖြင့် သဘင်ပညာရပ်နယ်ပယ်မှာ မြန်မာ့အဆို၊ အက၊ အရေး၊ အတီး ပညာခန်းအသီးသီးရဲ့ နက်ရှိုင်းစွာ ရောယှက်ဆက်နွယ်နေမှုဟာ အထွတ်အထိပ်သို့တိုင်အောင် ဖြစ်ထွန်းနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာ့သဘင်ပညာရပ်ရဲ့ အမြုတေလို့ဆိုရမယ့် ဆိုငိုပြောပညာရပ်များမှာ မြန်မာစာပေရဲ့ ကဗျာ၊ လင်္ကာအမွှန်းအဖွဲ့ သီကုံးစီခြယ်မှုတွေ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာတွေ၊ မြန်မာ့တွေးခေါ် မြော်မြင်မှု အယူအဆတွေ၊ လူမှုကျင့်ဝတ်၊ လူမှုတန်ဖိုးတွေ စိမ့်ဝင်ပေါင်းစည်း ဖြစ်တည်နေမှုဟာ တစ်မူထူးခြားတဲ့ ဂုဏ်ရည်တစ်ရပ်ပဲဖြစ်ပါတယ်။

မြှင့်တင်ပေးနေ

ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ ဇာတ်သဘင်ပြိုင်ပွဲကြီးများကတစ်ဆင့် မြန်မာ့သဘင်ပညာရပ်များကို ပြန်လည်ဖော်ထုတ် တင်ဆက်စေခြင်းဟာ မြန်မာ့သဘင်ပညာရပ်မှာ စိမ့်ဝင်ပျံ့နှံ့နေတဲ့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက် ထုံးတမ်းစဉ်လာတွေ၊ ထိုးထွင်းသိမြင် နှိုင်းချိန်ဆင်ခြင်နိုင်တဲ့ မြန်မာ့တွေးခေါ်မြော်မြင်မှု သဘောတရားတွေ၊ ထေရဝါဒ ဗုဒ္ဓဘာသာရဲ့ အဆုံးအမတရားများဖြင့် ထုံမွှမ်းနေတဲ့ လူမှုကျင့်ဝတ်၊ လူမှုနှုန်းစံတွေ၊ အဆင့်အတန်းမြင့်မားလှတဲ့ လောကရေး၊ ရာဇရေး၊ ဓမ္မရေး အတွေးအမြင် အယူအဆတွေစတဲ့ မြန်မာလူမျိုးတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ရှင်သန် သက်ဝင်နိုးကြားစေရအောင် မြှင့်တင်ပေးနေခြင်းပဲ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲမှာ ကပြယှဉ်ပြိုင်ဖို့ ရွေးချယ်ထားတဲ့ ဝေဿန္တရာဇာတ်တော်ကြီးဟာဆိုရင်လည်း ဒါနပါရမီကို အထွတ်တင်ပြီး မေတ္တာပါရမီ၊ ခန္တီပါရမီစတဲ့ ဘုရားအလောင်းတော်တို့ ကျင့်ကြံအပ်သော ပါရမီအသွယ်သွယ်ကို မဆုတ်မနစ်တဲ့ ဝီရိယရှေ့ဆောင်မှုဖြင့် ပါရမီဖြည့်ဆည်း ကျင့်ကြံအားထုတ်ခဲ့တဲ့ ဝေဿန္တရာမင်းကြီးရဲ့ မြင့်မြတ်တည်ကြည်တဲ့စိတ်ဓာတ်၊ ယနေ့ထက်တိုင် မြန်မာအမျိုးသမီးများအပေါ် ဩဇာလွှမ်းမိုးနေဆဲဖြစ်တဲ့ မဒ္ဒီဒေဝီမိဖုရားရဲ့ ပါရမီဖြည့်ဖက် စိတ်ဓာတ်ခံယူချက်နဲ့ သစ္စာတရား နက်ရှိုင်း တည်ကြည်မှုတို့ကို လေးလေးနက်နက် ဖော်ကျူးထားတဲ့ ဇာတ်တော်ကြီးတစ်ခုပဲ ဖြစ်ပါတယ်။

ဖန်တီးဖော်ဆောင်

ဒီဝေဿန္တရာဇာတ်တော်ကြီးဟာ အခြားသောဇာတ်ကြီး(၁၀)ဘွဲ့ဝင် ဇာတ်တော်ကြီးများနဲ့ (၅၅၀)နိပါတ်လာ ဇာတ်တော်များနည်းတူ မြန်မာလူမျိုးတို့ကို လိမ္မာယဉ်ကျေးသော လူမျိုးဖြစ်လာအောင်စေ့ဆော်ပေးနေတဲ့ မေတ္တာကို အခြေခံသော ပင်ကိုစိတ်ရင်းကောင်း၊ စရိုက်လက္ခဏာကောင်းတို့ကို ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။

အလားတူပဲ ရုပ်သေးသဘင်ပြိုင်ပွဲအတွက်ရွေးချယ်ထားတဲ့ သဒ္ဒါသုမန ဇာတ်ဟာလည်း မြန်မာလူမျိုးတို့ ယုံကြည်သက်ဝင်တဲ့ အလှူဒါနရဲ့အကျိုးနဲ့ မွန်မြတ်တဲ့ စိတ်ရင်းစေတနာမှန်သည်သာ ကောင်းမြတ်တဲ့အကျိုးတရားကို ဖြစ်စေတယ်ဆိုတဲ့ ယုံကြည်ချက်ကို ပိုမိုလေးနက်ထင်ရှားစေတဲ့ ဇာတ်ထုပ် တစ်ခုပဲဖြစ်ပါတယ်။

ဒီလို **မြန်မာလူမျိုးတို့ရဲ့ ဓလေ့စရိုက်ကောင်း၊ စိတ်ရင်းကောင်း၊ သန္ဓေကောင်းတွေနဲ့ ပြည့်စုံထုံမွှမ်းနေသည်သာမက ဒီဓလေ့စရိုက်ကောင်း၊ သန္ဓေကောင်းတွေကို ပြည်သူများအကြား စိမ့်ဝင်စွဲမြဲနေစေရအောင် ခေတ်အဆက်ဆက်မှာ စေ့ဆော်ဖန်တီးပေးနိုင်ခဲ့တဲ့ စာပေဂီတသဘင်ပညာရပ်များရဲ့ ကျေးဇူးကြောင့် မြန်မာလူမျိုးတို့ရဲ့ အစဉ်အလာ မင်္ဂလာတရားတွေဟာ ယနေ့ထက်တိုင် တည်တံ့ခိုင်ခံ့နေခြင်းဖြစ်ပါတယ်။**

ထိန်းသိမ်းမြှင့်တင်

ဒီမင်္ဂလာတရားတွေဟာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ရှေးရိုးစဉ်လာ မပျက်၊ ရိုးရာယဉ်ကျေးမှုမပျက် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးမှာ တိုးတက် ပြောင်းလဲမှုတွေနဲ့ ယှဉ်တွဲပြီး ထိန်းသိမ်းမြှင့်တင်ပေးရမယ့် မင်္ဂလာတရားတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီမင်္ဂလာတရားများနဲ့ ထုံမွှမ်းနေတဲ့ မိမိတို့ရဲ့ကိုယ်ပိုင် ယဉ်ကျေးမှုကို အချိန်ကာလရဲ့တိုက်စားမှုဒဏ်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုဒဏ်တို့ကြောင့် ယိုယွင်းတိမ်းပါး မပျက်စီးရလေအောင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို မပြတ်သောသတိဖြင့် မဆုတ်မနစ် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ လူမျိုးများရဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေ၊ အမျိုးသားယဉ်ကျေးမှုနဲ့ အမျိုးသားရေး အနှစ်သာရတွေ လုံးပါးပါးပျောက်ကွယ်ပြီး သူတို့စိတ်ကြိုက် ပြန်လည်ပုံဖော်နိုင်စေဖို့ ချော့မြှူသိမ်းသွင်းမှု၊ ဖိအားပေး အကျပ်ကိုင်မှု၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုမျက်နှာစာများမှ စိမ့်ဝင်ထိုးဖောက်မှုစတဲ့ ပရိယာယ်ဝေဝုစ် အသွယ်သွယ်သုံးပြီး ပြောင်ပြောင်တင်းတင်းတစ်မျိုး၊ ပုန်းလျှိုး ကွယ်လျှိုးတစ်ဖုံ အမျိုးစုံ ကြိုးပမ်းလုပ်ဆောင်လျက်ရှိ။

ကြည့်ရှုအားပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းဖြင့် အနုပညာရှင်များက သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးအမြတ်ထုတ်

ယနေ့အချိန်အခါလို တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေတဲ့ **Globalization** ကာလမှာ ဓနအင်အားသာလွန်မှု၊ နည်းပညာအသာစီးရမှု၊ ကမ္ဘာ့မီဒီယာများကို လွှမ်းမိုးထားနိုင်မှုတို့အပေါ် တလွဲအသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်နေတဲ့ နိုင်ငံကြီးအချို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်လို ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သူတို့ရဲ့အတွေးအခေါ်၊ သူတို့ရဲ့ဓလေ့စရိုက်၊ သူတို့ ရဲ့ လူနေမှုစနစ်ပုံစံတို့ကိုရိုက်သွင်းရင်း သူတို့ရဲ့ဩဇာအာဏာအောက်ကို နိုင်ငံရေးအရ၊ ယဉ်ကျေးမှုအရ ကျူးသွင်းသိမ်းယူနိုင်ဖို့ ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။

ဒီလိုနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ လူမျိုးများရဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေ၊ အမျိုးသားယဉ်ကျေးမှုနဲ့ အမျိုးသားရေးအနှစ်သာရတွေ၊ လုံးပါးပါးပျောက်ကွယ်ပြီး သူတို့စိတ်ကြိုက် ပြန်လည်ပုံဖော်နိုင်စေဖို့ ချော့မြှူသိမ်းသွင်းမှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုမျက်နှာစာများမှ စိမ့်ဝင်ထိုးဖောက်မှုစတဲ့ ပရိယာယ်ဝေဝုစ်အသွယ်သွယ်သုံးပြီး ပြောင်ပြောင်တင်းတင်း တစ်မျိုး၊ ပုန်းလျှိုးကွယ်လျှိုးတစ်ဖုံ အမျိုးစုံကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါတယ်။

သွေးထိုးလှုံ့ဆော်

တိုင်းတစ်ပါးလက်ဝေခံ ပြည်တွင်းပြည်ပက အဖျက်သမားများကလည်း မိမိတို့ လူငယ်လူရွယ်တွေကို အမျိုးကိုချစ်၊ ရိုးရာယဉ်ကျေးမှုကိုမြတ်နိုး၊ စိတ်နှလုံးသိမ်မွေ့ပြီး လိမ္မာယဉ်ကျေးကြဖို့ စည်းရုံးပညာပေးရမယ့်အစား သူတို့ဆရာကြီးများရဲ့ စိတ်ကြိုက်လိုက်ပြီး လူငယ်တွေကို ဇာတိသွေး၊ ဇာတိမာန် လျော့ပါးပျောက်ပျက်စေရအောင် ယနေ့ကာလမှာ မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဟာ ခေတ်မမီတော့ဘူးဆိုတဲ့ပုံစံနဲ့ လွဲမှားတဲ့အတွေးအခေါ်တွေ သွတ်သွင်းပေးနေတဲ့အပြင် ထိပ်တိုက်ဆန့်ကျင်မှု၊ အကြမ်းဖက်မှု စရိုက်ဆိုးတွေဝင်လာအောင် သွေးထိုးလှုံ့ဆော်နေကြပါတယ်။

စည်းရုံးဆောင်ရွက်

ဒီအန္တရာယ်တွေကို လျစ်လျူရှုထားမယ်ဆိုရင် အမျိုးသားရေးစိတ်ဓာတ်အညွန့်တုံးပြီး အမျိုးပါပျောက်ရတဲ့အခြေအနေကို ရောက်သွားနိုင်တဲ့အတွက် ကြိုတင်ကာကွယ်ကြဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ အဖျက်သမားများရဲ့ သွေးဆောင်ဖျားယောင်းမှုပရိယာယ်မှာ လူငယ်လူရွယ်များ နားယောင်လိုက်ပါပြီး လမ်းမှားကိုမရောက်စေရအောင်နဲ့ ခေတ်ရေစီးကြောင်းမှာ သဘောရိုးနဲ့ အလိုက်သင့်မျောပါနေကြတဲ့ လူငယ်များကိုလည်း လမ်းပျောက်တဲ့ဘဝမျိုး မရောက်စေရအောင် တစ်မျိုးသားလုံးက တာဝန်သိသိနဲ့ ပြန်လည်ဆယ်တင်ပေးကြရမယ့် အချိန်အခါကိုလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ အမျိုးသားယဉ်ကျေးမှုရဲ့ အဆင့်အတန်းမြင့်မားမှု၊ တန်ဖိုးကြီးမားမှု၊ အမျိုးသားရေးအနှစ်သာရ ပြည့်စုံခိုင်ခံ့မှုတို့ကို ယနေ့မျိုးဆက်သစ် လူငယ်များ လက်တွေ့သိမြင်ခံစားရစေပြီး အမျိုးသားရေးစိတ်ဓာတ်နဲ့ ဇာတိသွေး၊ ဇာတိမာန် ပြန်လည်နိုးကြားထက်သန်လာစေရအောင် ဒီမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် စည်းရုံးဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကြိုးပမ်းစွမ်းဆောင်

ရှည်လျားခိုင်မာတဲ့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ ရှေးမြန်မာကြီးများ ခေတ်အဆက်ဆက် ထိန်းသိမ်းဆင့်ပွား ပျိုးထောင်လာခဲ့ကြတဲ့ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များနဲ့တကွ ဒီအနုသုခုမနယ်ပယ်မှာ စိမ့်ဝင်စီးဆင်းနေတဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာကောင်းတွေ၊ သိမ်မွေ့နက်နဲတဲ့ တွေးခေါ်မြော်မြင်မှု သဘောတရားတွေ၊ ကောင်းမြတ်တဲ့ လူမှုကျင့်ဝတ် မင်္ဂလာတရားတွေ၊ နိုးကြားထက်မြက်တဲ့ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းတွေကို မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းအမွေကောင်းပေးနိုင်စေရအောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါလို့ တစ်ဆက်တည်းပြောကြားလိုပါတယ်။

တက်ညီလက်ညီ

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ မိမိနိုင်ငံ၊ မိမိလူမျိုး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတကာ့အလယ်မှာ မျိုးရိုးဂုဏ်ရှိန်တင့်တယ်စွာ ရပ်တည်နိုင်ရေး၊ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အခွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ စွမ်းအားတွေဖြစ်တဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်မှု စွမ်းအားကောင်းတွေ၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားကောင်းတွေ အစဉ်ထာဝရ ပြည့်ဖြိုးခိုင်မာနေစေရအောင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှတစ်ဆင့် တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

ဝေဿန္တရာဇာတ်တော်ကြီး မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၁၅

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ အောက်တိုဘာ ၁၆ရက်မှစတင်၍ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် ထိုနေ့၌ ရန်ကုန်တိုင်းမှ မောင်ဉာဏ်ဝင်း ယဉ်ကျေးမှုအဖွဲ့ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

စာမျက်နှာ ၃ မှ

ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အနေဖြင့် မြန်မာတို့၏ အစဉ်အလာကြီးမြတ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့နိုင်ရေး ထိန်းသိမ်းစောင့်ရှောက်မှု တာဝန်တစ်ရပ်အဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်ကစပြီး နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၁၄)ကြိမ်မြောက်ခဲ့ပြီဖြစ်ပါကြောင်း။

ထို့ကြောင့် ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသည့် အနေနှင့် ယခု ၂၀၀၆ ခုနှစ်တွင်လည်း အောက်တိုဘာ၁၅ ရက်ကစပြီး ၂၉ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဤသို့ကျင်းပရာတွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ မူလဦးတည်ချက်(၇)ရပ်အပေါ်အခြေခံပြီး ကျင်းပသွားမှာဖြစ်ကြောင်း။

အဆင့်ခြောက်ဆင့်

ယခုနှစ်ပြိုင်ပွဲကြီးကို ဝါသနာရှင်(ပထမတန်း) အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ အသက်(၁၅-၂၀)နှစ်အဆင့်၊ အခြေခံပညာ အသက်(၁၀-၁၅)နှစ်အဆင့်နှင့် အခြေခံပညာ အသက်(၅-၁၀)နှစ် အဆင့် ပြိုင်ပွဲဝင်အဆင့် ခြောက်ဆင့် သတ်မှတ်ပြီး ပြိုင်ပွဲဘာသာရပ်များအလိုက် ယှဉ်ပြိုင်သွားကြမှာဖြစ်ကြောင်း။

ဇာတ်တော်ကြီးပြိုင်ပွဲတွင် အလောင်းတော်ဝေဿန္တရာမင်းကြီး ဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညို သဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီ အထွတ်တင်လျက် အခြံအရံပါရမီများအကြောင်းကိုလည်း သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသများကို ပိုမို သိရှိနားလည်လာခြင်းအားဖြင့် ယဉ်ကျေးမှု အသိဉာဏ်၊ ကိုယ်ကျင့်တရား ပိုမိုမြင့်မားလာစေရန်တို့အတွက် **“ဝေဿန္တရာဇာတ်တော်ကြီး”** ကို ယှဉ်ပြိုင်သွားကြရမှာဖြစ်ကြောင်း။

ရုပ်သေး

အလားတူ ရုပ်သေးဇာတ်တော်ကြီး ပြိုင်ပွဲတွင်လည်း ကောင်းသောအကျင့်စရိုက်ကိုယူ၍ သဒ္ဓါတရားထက်သန်တိုးပွားစေရန်၊ ကိုးကွယ်ဆည်းကပ်မှုဆိုင်ရာ အယူအဆများစွာအနက် အမှားနှင့်အမှန်ကို ခွဲခြားဆုံးဖြတ် သိမြင်စေရန်နှင့် လူ့သဘာဝစရိုက်ကို သိမြင်ပြီး ဆင်ခြင်တုံတရားနှင့် ပကတိ အမှန်စင်စစ်ကို ပိုင်းခြားဝေဖန် ခွဲခြားဆုံးဖြတ်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ရုပ်သေး **“သဒ္ဓါသုမန ဇာတ်တော်ကြီး”** ကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းအသီးသီးက ပြိုင်ပွဲဝင် ၂၂၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

စနစ်တကျစီမံ

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အမွေအနှစ်များကို မူလဇီဇမြတ်နိုး ထိန်းသိမ်းတတ်ကြသူများဖြစ်သည့် ပြိုင်ပွဲဝင်များအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ အမျိုးသားယဉ်ကျေးမှုနှင့် စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် ပြိုင်ပွဲကြီးကို မွန်မြတ်သည့် ဦးတည်ချက်(၇)ရပ်နှင့်အညီ အနှစ်သာရရှိရှိ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင် ယှဉ်ပြိုင်သွားနိုင်စေရန် အဘက်ဘက်က ပြည့်စုံအောင် စနစ်တကျ စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ရောက်ရှိလာကြသော ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်မှုကို မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များအား မြတ်နိုးခုံမင်တတ်သည့် ပြည်သူများအနေနှင့် ဝမ်းမြောက်ဝမ်းသာ အားပေးကြည့်ရှုရန် စောင့်မျှော်နေကြပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အားလုံးအနေနှင့် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲသွားကြပါဟု ဝမ်းမြောက်ဂုဏ်ယူစွာ တိုက်တွန်းပြောကြားသွားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆောင်ရွက်

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ခန်းမဆောင်အတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေ တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

သီဆိုကပြဖျော်ဖြေ

ယင်းနောက် ဂီတလုလင် ဦးကိုကို ရေးသားသီကုံးစပ်ဆိုထားသည့် (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းကို အနုပညာရှင်များက သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆရာဝန်အသင်းညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၇ရက်မှ ၂၁ရက်အထိ တောင်ကြီးမြို့၌ ကျင်းပမည်ဖြစ်ရာ စာတမ်းတင်သွင်းဖတ်ကြားလိုသူများသည် စာတမ်းများကို နိုဝင်ဘာ ၃၀ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ပညာရေးရာကော်မတီ (၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ကျင်းပရေးဦးစီးကော်မတီ မြန်မာနိုင်ငံ ဆရာဝန်အသင်း အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အငြိမ်းစားတို့ စကားဝိုင်း(၂၀)

ဟိန်းမြင့်

မိတ်ဆွေသူငယ်ချင်းမိသားစု၏ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးမှုကို စားသောက်အပြီး ကျွန်တော်တို့ အငြိမ်းစားတစ်စုသည် ဧည့်ခန်းသို့ ပြောင်းရွှေ့၍ လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် ဆက်လက်ဝိုင်းဖွဲ့ စကားပြောဖြစ်ခဲ့ကြပါသည်။

“၁၅–၉–၂၀၀၆ ရက်နေ့က လုံခြုံရေးကောင်စီဝင် တရုတ်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ရဲ့ ဆွေးနွေးပြောကြားချက်က ထိရောက်မှန်ကန်နေတာ တွေ့ရတယ်။ တရုတ်ကိုယ်စားလှယ်က လုံခြုံရေးကောင်စီဟာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိစ္စတွေကိုသာ အရေးယူဆောင်ရွက်ရမှာဖြစ်လို့ အခုလို လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနဲ့ အေအိုင်ဒီအက်စ် ကိစ္စတွေကို လက်ခံဆွေးနွေးမယ်ဆိုရင် အလားတူ အခြေအနေမျိုး ရှိတဲ့ နိုင်ငံတိုင်းကိုပါ ဆွေးနွေးရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေက မြန်မာနိုင်ငံအရေးဟာ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေတယ်လို့ မယုံကြည်ကြကြောင်း၊ အခုကိစ္စမှာ ဒေသအတွင်း နိုင်ငံတစ်ခုက လုံခြုံရေးကောင်စီကို အဆိုတင်သွင်းခြင်းမဟုတ်ဘဲ ဝေးလံတဲ့ ဒေသနိုင်ငံတစ်ခုကနေ အဆိုတင်သွင်းတာဖြစ်လို့ အဓိပ္ပာယ်မရှိကြောင်း၊ နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီမှာ ဆွေးနွေးခြင်းဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂၄) ကို ချိုးဖောက်ရာ ရောက်နေကြောင်း ပြောကြားသွားတာ တွေ့ရတယ်”

“တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး(၅)ရပ်နဲ့အညီ အိမ်နီးချင်းကောင်း မိတ်ဆွေပီသစွာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေတဲ့နိုင်ငံတွေ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ တကယ်လို့ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအပေါ် အရေးယူမယ့် ဆုံးဖြတ်ချက်တစ်ခုခုကို မမှန်မကန် ဖိအားပေး ချမှတ်လာမယ် ဆိုရင်လဲ တရုတ်နိုင်ငံအနေနဲ့ အခုရပ်တည်ပြောကြားခဲ့တဲ့ အတိုင်းပဲ သမာသမတ်ကျစွာ ဆက်လက် ရပ်တည်သွားလိမ့်မယ်လို့ယုံကြည်ရတယ်”

“ရုရှားနိုင်ငံကလည်း ဗီတိုအာဏာသုံးနိုင်တဲ့ အမြဲတမ်းလုံခြုံရေးကောင်စီဝင် နိုင်ငံတစ်ခုဖြစ်နေတာမို့ ရုရှားရဲ့ ရပ်တည်မှုကလည်း အရေးပါတယ်ဟ။ မြန်မာနိုင်ငံရဲ့ အခြေအနေကို မှန်မှန်ကန်ကန် ရှုမြင်ထားတဲ့ နိုင်ငံဖြစ်တာမို့ ဒီနိုင်ငံအပေါ် မတော်မတရား ဆက်လက် ဖိအားပေးမှုတွေကို ခုအတိုင်းပဲ လက်ခံမှာမဟုတ်ဘူးလို့ ယူဆရတယ်”

“ဒီလိုပဲ နိုင်ငံပေါင်း ၁၁၈နိုင်ငံပါဝင်ထားတဲ့ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့အနေနဲ့ ၁၀–၇–၂၀၀၆ ရက်နေ့ကတည်းက လုံခြုံရေး ကောင်စီ ဥက္ကဋ္ဌထံ လုံခြုံရေးကောင်စီ အာဂျင်ဒါမှာ မြန်မာနိုင်ငံအရေးကိစ္စကို ထည့်သွင်းခြင်းမပြုဖို့ စာတစ်စောင် ရေးသားပေးပို့ခဲ့တဲ့အပြင် ၁၇–၁၀–၂၀၀၆ ရက်နေ့ ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှာ ကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံက မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါမှာ ထည့်သွင်းထားခြင်းဟာ လုံခြုံရေးကောင်စီ အနေနဲ့ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးကောင်စီအနေနဲ့ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိခိုက်မှုမရှိတဲ့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနဲ့ပတ်သက်လို့ လုံခြုံရေးကောင်စီမှာ အလွတ်သဘောပဲဖြစ်ဖြစ်၊ တရားဝင်ပဲဖြစ်ဖြစ် ဆွေးနွေးခြင်းဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နဲ့ ဆန့်ကျင်နေကြောင်း ဖော်ပြတဲ့စာပိုဒ်ကို အပြီးသတ် ကြေညာစာတမ်းမှာ ထည့်သွင်းထားတယ်လို့ သိရတယ်”

“ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံထဲက ၁၁၈နိုင်ငံ ပါဝင်တဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က မြန်မာနိုင်ငံဘက်ကနေ မှန်မှန်ကန်ကန် ရပ်တည်ထောက်ခံပေးခဲ့တာ အားရစရာပဲဟေ့”

“ဟားဗတ်တက္ကသိုလ်က စီးပွားရေးပညာရှင်နှစ်ဦးရဲ့ လေ့လာတွေ့ရှိချက်အရ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအနေနဲ့ လုံခြုံရေးကောင်စီမှာ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာရင် အမေရိကန်နိုင်ငံလို ချမ်းသာတဲ့ နိုင်ငံတွေထံမှ စီးပွားရေးအကျိုးကျေးဇူးတွေ ရရှိနိုင်ကြောင်း၊ မဲဝယ်ရန် ချဉ်းကပ်ဆက်ဆံလာမှုတွေရှိကြောင်း၊ အထူးသဖြင့် အမေရိကန်ထံမှ ငွေကြေးအထောက်အပံ့ အကူအညီကို ကမ္ဘာပေါ်မှာ ပဋိပက္ခတွေ၊ နိုင်ငံရေး အကျပ်အတည်းတွေ ဖြစ်ပေါ်နေချိန်မှာ ပိုမိုရရှိနိုင်ကြကြောင်း၊ အဲဒီလိုအချိန်အခါမျိုးမှာ အမေရိကန်အနေနဲ့ မဲများ ပိုမိုလိုအပ်တာကြောင့် ဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် အမေရိကန်ထံမှ ထောက်ပံ့ငွေ ၅၉ ရာခိုင်နှုန်း ပိုမိုရရှိနိုင်မှာဖြစ်ပြီး UN ထံမှ ရှစ်ရာခိုင်နှုန်း ပိုမိုရရှိမှာဖြစ်ကြောင်း လေ့လာတွေ့ရှိရတယ်လို့ ဆိုတယ်”

“ငွေပမာဏအနေနဲ့ တွက်ပြရရင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ လုံခြုံရေးကောင်စီဝင်ဖြစ်လာရင် သက်တမ်းကာလ နှစ်နှစ်အတွင်း UN ကနေ ဒေါ်လာတစ်သန်းနဲ့အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေဒေါ်လာ ၁၆ သန်း ရရှိရန် မျှော်လင့်နိုင်ကြောင်း၊ ပဋိပက္ခအကျပ်အတည်း ဖြစ်နေချိန်နဲ့ တိုက်ဆိုင်နေရင်တော့ UNထံမှ ဒေါ်လာ ရှစ်သန်းနဲ့အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေ ၄၅ သန်းအထိ မျှော်လင့်နိုင်တယ်လို့ ဆိုတယ်”

“ဒါဆိုရင် ဒို့နိုင်ငံအရေးကိစ္စမှာ အမေရိကန်အနေနဲ့ ထောက်ခံမဲ ကိုးမဲပြည့်အောင် မဲဝယ်ခဲ့မှု၊ ဖိအားပေးမှုတွေနဲ့ စည်းရုံးလုပ်ဆောင်မှာ အမှန်ပဲဟေ့”

“မှန်တာပေါ့၊ပြည်ပအသံလွှင့်ဌာနများရဲ့ ထုတ်လွှင့်မှုတွေကို လေ့လာရင် အမေရိကန်က ထောက်ခံမဲ ကိုးမဲပြည့်အောင် စည်းရုံးလုပ်ဆောင်နေတယ်လို့ မကြာခဏ လွှင့်နေတာ ကြားရတာပဲ”

“အခု လုံခြုံရေးကောင်စီ အာဂျင်ဒါမှာ ပါတယ်လို့ဆိုတာဟာ ဒို့နိုင်ငံအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်တာမဟုတ်ပါဘူး။ လုံခြုံရေးကောင်စီမှာ ခုလိုပဲ နိုင်ငံများစွာရဲ့ အရေးကိစ္စတွေကို ဆွေးနွေးနေကြတာပါ။ အေး ဆွေးနွေးပြီးတော့ တစ်ဖက်သတ်မဲဆွယ်စည်းရုံးထားတဲ့နိုင်ငံတွေရဲ့ မဲတွေနဲ့ အမေရိကန်စိတ်ကြိုက်ဆုံးဖြတ်ချက်မျိုး ချမယ်လို့ လုပ်လာရင်တောင် ကမ္ဘာ့အရေးကိစ္စတွေမှာ မှန်မှန်ကန်ကန် ရပ်တည်လုပ်ဆောင်လေ့ရှိတဲ့ နိုင်ငံတွေက ဗီတိုအာဏာနဲ့ ပယ်ချလေ့ရှိကြပါတယ်။ ဘာမှပူစရာမလိုပါဘူး”

“ဒီနေရာမှာ BBC °°က ဗြိတိန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးရဲ့အမြင်ကို မေးမြန်းပြီး ပြန်လည်ထုတ်လွှင့်ချက်အရ သံအမတ်ကြီးရဲ့ ဖြေကြားချက်က ပညာပါပြီး မှတ်သားလောက်တာကို သတိပြုမိလိုက်တယ်”

“ဘယ်လိုများ ဖြေကြားခဲ့လို့လဲ၊ ဆိုစမ်းပါဦး”

“သံအမတ်ကြီးက နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို တကယ်ခြိမ်းခြောက်နေတယ်လို့ ဆန်းစစ်ပြီးမှ လုံခြုံရေးကောင်စီကို တင်သင့်ကြောင်း၊ ဖြစ်နေသမျှ ကမ္ဘာ့ကိစ္စအားလုံးကို လုံခြုံရေးကောင်စီ အနေနဲ့ ကိုင်တွယ်ဖို့ မသင့်ဘူးလို့ ပြောချင်ကြောင်း၊ လုံခြုံရေးကောင်စီရဲ့ အခန်းကဏ္ဍကို မှေးမှိန်သွားမှာ စိုးရိမ်လို့ဖြစ်ကြောင်းလို့ ပြောကြားသွားတာ ကြားလိုက်ရတယ်”

“ဟုတ်ပါ့ကွာ မဆီမဆိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်ကို တမင်လုပ်ကြံ အကြောင်းပြပြီး ဒေသနဲ့နိုင်ငံတကာ အရေးကိစ္စ အခန်းကဏ္ဍထဲရောက်အောင် မဲဆွယ်စည်းရုံးသွတ်သွင်း လုပ်ဆောင်မှုတွေက ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ အခန်းကဏ္ဍကို အထင်သေးစရာ၊ မယုံကြည်စရာတွေ ဖြစ်သွားနိုင်တာပေါ့”

“အခု လုံခြုံရေးကောင်စီ အာဂျင်ဒါမှာ ဆွေးနွေးဖို့ အကြောင်းအရာ ၁၄၈ ခုအထိ ရှိနေတယ်။ ဒီလို ဆွေးနွေးဖို့အထဲမှာ မြန်မာနိုင်ငံ အရေးကိစ္စဟာ နံပါတ် ၁၀ အဆင့်ထဲတောင် မဝင်ဘူးလို့ သိရတယ်။ ဆိုလိုတာက ပြည်ပြေးတွေ ၊ NLDနဲ့ နိုင်ငံတော်ကို ဆန့်ကျင်နေသူ အကြမ်းဖက်အဖွဲ့တွေ အားရဝမ်းသာ ဖြစ်စရာကောင်းတဲ့ ပြည်ပအားကိုး အောင်မြင်မှုမျိုး မဟုတ်ဘူးဆိုတာ သိသာပါတယ်”

“ဒို့ပြည်သူတွေလည်း နိုင်ငံတော်အစိုးရနဲ့ ပြည်သူတို့ရဲ့ သဘောထားကို ဖတ်ရှုရလို့ တော်တော်လေး သိထားပြီးပါပြီ။ နောက်ပြီး စာနယ်ဇင်းသမားတွေရဲ့ ဆောင်းပါးတွေကို ဖတ်ရှုရလို့ အခြေအနေမှန်တွေကို သိထားရတော့ ပြည်တွင်း၊ပြည်ပ အဖျက်သမားတွေရဲ့ သခင်အားရ ကျွန်ပါးဝပြောဆိုမှုတွေအပေါ် မှန်မှန်ကန်ကန် သုံးသပ်နိုင်ကြပါပြီ”

“ဒါပေမယ့် ဒို့ပြည်သူတွေအားလုံး အသိတရားရှိရှိနဲ့ သတိထားရမှာက ၈၈ ခုနှစ် အကြမ်းဖက်ဆူပူမှုလို ဖြစ်ပေါ်လာအောင် ပြည်တွင်းပြည်ပချိတ်ဆက်ပြီး ပြည်ပအသံလွှင့်ဌာနတွေကနေ ဖောင်းပေးလွှင့်ထုတ်နေတာကိုပဲ”

“NLD ပါတီနဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များလို့ ကိုယ့်ကိုယ်ကိုယ်ခံယူထားကြတဲ့သူတွေ၊ ဝါရင့်နိုင်ငံရေးသမားဆိုပြီး အမွှမ်းတင် မြှောက်ပင့်ခံထားရတဲ့ အချို့သောသူတွေက ဆူဆူပူပူလုပ်ဖို့ အတို့အထောင်တွေနဲ့ စတင်လှုပ်ရှားလာတာမျိုး တွေ့ရသလို သံတမန် မပီသတဲ့ နိုင်ငံကြီးအချို့က သံတမန်တွေကလည်း NLD ဌာနချုပ်ကို ဥဒဟိုဝင်ထွက်သွားလာနေတာမို့ ညှိနှိုင်းတာတို့၊ လမ်းညွှန်တာတို့၊ ပြည်တွင်းပြည်ပ ဆက်သွယ်ပေးတာတို့ကို မလွဲမသွေ လုပ်နေမှာပဲလို့ သုံးသပ်နိုင်ပါတယ်”

“မှန်တယ်ဟ၊ ၈၈ ခုနှစ် ဆူပူအကြမ်းဖက်မှုမှာ ပြည်တွင်း ပြည်ပ အဖျက်သမားတွေရဲ့ အဖျက်အမှောင့် လုပ်ဆောင်ချက်နဲ့ ပြည်ပအသံလွှင့်ဌာနတွေရဲ့ မဟုတ်မမှန် လုပ်ကြံလွှင့်ထုတ်သွားမှုတွေက ဒို့နိုင်ငံကို ဓာတ်ဆီလောင်း မီးရှို့ပြီး လေပါဝိုင်းပြီး ပင့်တိုက်ပေးခဲ့တဲ့ သဘောမျိုးဖြစ်သွားခဲ့တာကို ဘယ်တော့မှ မမေ့သင့်ပါဘူး”

“အဲဒီတုန်းက တပ်မတော်ကသာ အခုလို ဝင်မထိန်းသိမ်းလိုက်ရင် အခု အီရတ်နိုင်ငံထက်ဆိုးတဲ့ အခြေအနေကို ဒို့ပြည်သူတွေ ခံစားနေရမှာ မလွဲဘူးကွာ”

“ဒီနေရာမှာ အမေရိကန်အနေနဲ့ ဘာလို့များ ဒို့နိုင်ငံအပေါ် အငြိုးအတေးတွေနဲ့ ပြိုကွဲပျက်စီးအောင် ပိတ်ဆို့ဟန့်တား နှောင့်ယှက် သွေးထိုးလုပ်နေတာလဲမသိဘူး”

“ငါအရင်ကတည်းက ပြောဖူးပါတယ်၊ ဒို့နိုင်ငံရဲ့ ပထဝီဝင် နိုင်ငံရေးအနေအထားအရ လူဦးရေအများဆုံးနဲ့ အင်အားတောင့်တင်းကြီးထွားလာနေတဲ့ အာရှနိုင်ငံကြီးနှစ်နိုင်ငံနဲ့ နယ်မြေချင်း ဆက်စပ်နေတယ်၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ဆက်စပ်ပေးနိုင်တယ်၊ ဒို့ရေပြင်ပိုင်နက်ကနေ မလက္ကာရေလက်ကြားကို လက်လှမ်းတမီ လွှမ်းမိုးနိုင်တယ်၊ ကျယ်ပြန့်ရှည်လျားတဲ့ ရေပြင်ပိုင်နက်ရှိတယ်။ ဒီအချက်တွေက ကမ္ဘာကြီးကို လွှမ်းမိုးချုပ်ကိုင်ထားလိုတဲ့ နိုင်ငံကြီးအတွက် အကြိုက်ပဲ၊ ဒို့နိုင်ငံမှာ စစ်စခန်းစိုက် အခြေပြုနိုင်ရင် မဟာဗျူဟာအရ အရေးပါ၊ အရေးကြီးတဲ့နေရာတစ်ခုကို ရယူပိုင်ဆိုင်ပြီး ဖြစ်မယ်လေ”

“သြော်...ဒါကြောင့် ဒို့နိုင်ငံမှာ ရုပ်သေးအစိုးရတင်ပြီး ခြယ်လှယ်လွှမ်းမိုးနိုင်ဖို့အတွက် အားစိုက်ကြိုးပမ်းနေတာကိုး”

“မင်းတို့ မှတ်မိမလားတော့ မသိဘူး၊ အမျိုးသားညီလာခံ စတင်ကျင်းပတုန်းက NLD ပါတီ ကိုယ်စားလှယ်တွေ အတော်များများပါတယ်လေ၊ အဲဒီတုန်းက အခြေခံမူ ၁၀၄ ချက်ကို သဘောတူချမှတ်ခဲ့ရာမှာလဲ NLDပါခဲ့တယ်။ အခြေခံမူ ၁၀၄ ချက်မှာ နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမှ တပ်ချခွင့်မပြုလို့ ပါရှိခဲ့တယ်။ ဒါကို တပ်လာစွဲလိုတဲ့ နိုင်ငံကြီးက ကြိုက်ဟန်မတူဘူး၊ ဒါကြောင့်မို့ထင်တယ်။ အမေရိကန်သံအမတ် အောလ်ဘရိုက်ဆိုတဲ့ အမျိုးသမီး ပြေးချလာပြီး စုကြည်နဲ့ တွေ့ခဲ့တယ်၊ သူလဲပြန်သွားရော စုကြည်ရဲ့ တစ်ချက်လွှတ် အမိန့်နဲ့ NLD ပါတီ ကိုယ်စားလှယ်တွေလဲ အမျိုးသားညီလာခံကို ကျောခိုင်းထွက်သွားတော့တာပဲလေ”

“ဒို့ကျောင်းသားဘဝတုန်းက မှတ်မိတာတစ်ခုရှိတယ်၊ အမေရိကန်က ရန်ကုန်–မန္တလေး အမြန်လမ်းမကျယ်ကြီးကို အခမဲ့ဖောက်ပေးဖို့လုပ်တယ်၊ ရည်ရွယ်တာက လေယာဉ်တွေဆင်းလို့ရအောင်နဲ့ တူပါတယ်၊ ဒါကို အိမ်နီးချင်း နိုင်ငံကြီးကလည်း ရိပ်မိဟန်တူရဲ့၊ ချက်ချင်းပဲ အဲဒီနိုင်ငံကလည်း အမြန်လမ်းမကြီးဖောက်ဖြစ်ရင် လမ်းအလယ်မှာ အလှသစ်ပင်တွေ အခမဲ့စိုက်ပေးမယ်လို့ အဆိုပြုလာတယ်၊ ဒါနဲ့ပဲ အမေရိကန်ရဲ့ အမြန်လမ်းမကြီးလည်း အကောင်အထည် ပေါ်မလာတော့တာ ငါမှတ်မိသေးတယ်”

“NLD ကလည်း ဘာလို့များ ပြည်ပကို အားကိုးနေသလဲမသိဘူး၊ နိုင်ငံအကျိုး အမှန်သယ်ပိုးဖို့ အမြန်ရေးရှုသင့်ပြီလို့ထင်တယ်”

“အာဏာရဖို့ပေါ့ကွာ၊ စကတည်းက နိုင်ငံကောင်းကျိုးဆိုလို့ ဘာတစ်ခုများ မည်မည်ရရ လုပ်ခဲ့ဖူးတာ၊ လုပ်နေတာတွေ့ရလို့လဲ၊ မလုပ်တဲ့အပြင် ပိတ်လေးပိတ်နဲ့ ဒို့နိုင်ငံကို ပိတ်ဆို့ထားဖို့ ပြည်ပြေးတွေနဲ့ လက်ဝါးချင်းရိုက်ပြီး တောင်းဆိုခဲ့ကြလို့ အမေရိကန်က ပိတ်ဆို့ထားတာ ဒို့အားလုံးအသိပဲ”

“အေးဟ နိုင်ငံနဲ့ပြည်သူလူထု ကောင်းစားမှာ၊ ချမ်းသာတိုးတက်မှာကို မမြင်လို၊ မကြည့်လိုဘဲ နိုင်ငံနဲ့ပြည်သူ ဒုက္ခရောက်မှ၊ ကျပ်တည်းဆင်းရဲမှ လူထုအုံကြွလာမယ်၊ အဲဒီအချိန်မှာ ပွဲလန့်တုန်း ဖျာခင်းပြီး အာဏာရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကိုပဲ တစိုက်မတ်မတ် ချမှတ်လုပ်ဆောင်နေတာ တွေ့ရတယ်၊ ကိုယ်အာဏာရဖို့ ပြည်ပအားကိုး၊ ပြည်ပသြဇာခံ လုပ်တဲ့လူတွေ ဘယ်တော့မှ ဇာတ်သိမ်းကောင်းမှာ မဟုတ်ပါဘူး”

“ဒါကြောင့်လဲ အခု NLD ပါတီဝင်တွေ ပါတီကနေတဖွဲဖွဲ နုတ်ထွက်နေကြတာ နေ့စဉ်နဲ့အမျှ သတင်းစာတွေမှာ တွေ့နေရတာပဲ”

“NLD က တွေ့ဆုံဆွေးနွေးဖို့ပဲ တောင်းဆိုနေတယ်၊ ၉၀ ပြည့်နှစ် အနိုင်ရရှိခဲ့မှုကိုပဲ တရားသေဆုပ်ကိုင်ထားတယ်၊ ဒါကလွဲပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့ ဘာတစ်ခုမျှ ပြောင်းလဲလုပ်တာ မတွေ့ရသေးဘူး”

“အရင်က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဒေါ်စုကြည်နဲ့ လေးကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူတွေက အကြိမ်၂၀ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့တယ်၊ အမျိုးသားရေးအကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လက်တွေ့အခွင့်အလမ်းတွေ အကြိမ်ကြိမ်ပေးခဲ့ပြီးဖြစ်တယ်၊ ပြည်ပသြဇာကို ခံယူ၊ ပြည်ပက မြှောက်ပင့်ပေးနေမှုကို ကြည်နူး၊ ဆုကြေးငွေ ဒေါ်လာတွေနဲ့ ချုပ်ကိုင်ခံထားရတော့ အမျိုးသားအကျိုးစီးပွားထက် မိမိကိုယ်ကျိုးအတ္တကိုသာ ဦးစားပေးခဲ့လို့ နိုင်ငံတော်အတွက် ရလဒ်ကောင်းတွေ ထွက်ပေါ်မလာခဲ့ဘူး မဟုတ်လား”

“အေးဟ အရာရာကို အမျိုးသားအကျိုးစီးပွားအတွက်လို့ ရည်မှန်းပြီး ကိုယ်ကျိုးနဲ့ ပါတီအကျိုးကို စွန့်လွှတ်လုပ်ဆောင်ကြမယ်ဆိုရင်၊ ရိုးသားဖြူစင်တဲ့ စေတနာပြရင်၊ မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့ အတွေးအခေါ်၊ အလုပ်အကိုင်တွေနဲ့ လုပ်ကြမယ်ဆိုရင် အားလုံးအဆင်ပြေနိုင်မယ်လို့ ထင်တယ်”

“တရုတ်နိုင်ငံကိုကြည့်ရင် ကွန်မြူနစ်တစ်ပါတီစနစ်၊ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေးစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီကို ကျင့်သုံး အကောင်အထည်ဖော်နေတာ ဘယ်လောက်တိုးတက်ဖွံ့ဖြိုးလာနေသလဲ၊ ဖွံ့ဖြိုးလာတာနဲ့အမျှ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာ အလိုလို ပါလာတာ တွေ့ရတယ်လေ”

“ဒို့နိုင်ငံအနေနဲ့ ပြည်ပပိတ်ဆို့မှုတွေသာ မခံရရင် အခုလို အားကိုးမာန်တက် ကြိုးစားအကောင်အထည်ဖော် တည်ဆောက်နေချိန်မှာ အခုထက် အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်နေမှာမလွဲဘူး၊ နိုင်ငံလဲ ဖွံ့ဖြိုးတိုးတက်၊ လူမှုစီးပွားတွေလဲ တိုးတက်ဖွံ့ဖြိုးလာရင် ဒို့လိုချင်တဲ့ လွတ်လပ်ခွင့်တွေ၊ ဒီမိုကရေစီတွေဆိုတာ ပါလာမှာ မလွဲဘူးဟ”

“ဒီအချက်ကိုပါတီတွေ၊ နိုင်ငံရေးသမားတွေ နားလည်သဘောပေါက်ကြဖို့သင့်ပါပြီ၊ အာဏာရဖို့အတွက် ပြည်ပသြဇာခံပြီး နိုင်ငံကို ရောင်းစားဖို့၊ ကျွန်ပြုခံဖို့ လုပ်ဆောင်နေမယ့်အစား နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ပိတ်ပင်မှုတွေကို အမြန်ဖယ်ရှားသွားအောင် ဦးဆောင်တိုက်တွန်းလုပ်ဆောင်ကြမယ်၊ လုပ်ဆောင်နိုင်မယ်ဆိုရင် ပြည်သူတွေကလည်း သဘောကျ၊ နိုင်ငံတော်အစိုးရနဲ့လည်း ရည်မှန်းချက်ချင်း တူလာရင် ကွဲပြားခြားနားမှုတွေကို ပူးပေါင်းဖြေရှင်းလို့ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် အမြန်ဆုံး တည်ဆောက်နိုင်မှာ မလွဲပါဘူး”

ထိုသို့ စကားဝိုင်းဖွဲ့ဆိုအပြီး အိမ်အပြန်လမ်းတွင် ကျွန်တော်၏စိတ်အတွေးအာရုံ၌ လူတိုင်းလူတိုင်း အထူးသဖြင့် နိုင်ငံရေးသမားတိုင်း အမျိုးသားရေးအကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်ပြု၍ မိမိကိုယ်ကျိုး၊ မိမိပါတီအကျိုးထက် နိုင်ငံတော်၏အကျိုးကိုသာ ဦးစားပေးလုပ်ဆောင်နိုင်ကြမည်ဆိုပါလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အမြန်ဆုံး တည်ဆောက်နိုင်မည်ကို မြင်ယောင်နေမိခြင်းနှင့်အတူ နိုင်ငံရေးသမားတိုင်း မှန်ကန်သောအမြင်၊ မှန်ကန်သောအတွေး၊ မှန်ကန်သော လုပ်ဆောင်မှုများ ဖြစ်ပေါ်လာအောင် မိမိကိုယ်ကို ဝေဖန်သုံးသပ်ကာ အမြန်ဆုံး ပြုပြင်လုပ်ဆောင်နိုင်ကြပါစေဟု ဆန္ဒပြုနေမိပါသည်။ ။

မွန်ပြည်နယ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၅

မွန်ပြည်နယ် ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက်က မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။(အောက်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီးဒေါ်မြင့်မြင့်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လက်ထောက် ပြည်နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ အပူဇော်ခံ အငြိမ်းစားပြည်နယ်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က အပူဇော်ခံ အငြိမ်းစားယူသွားခဲ့ကြသည့် ဆရာ ဆရာမကြီးစုစုပေါင်း ၅၃ ဦးတို့အား ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆုပေးအပ်ချီးမြှင့်

ယင်းနောက် ၂၀၀၆ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့၌ ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်ပညာရေးမှူး ဦးထွန်းရီတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် တက်ရောက်လာကြသူများက အပူဇော်ခံ အငြိမ်းစား ယူသွားခဲ့ကြသည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပြီး ဂုဏ်ပြု ဂါရဝလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ၁၄ လမ်း အမှတ် ၄၀ နေဦးမောင်လေး–ဒေါ်ရင်၊ သမီး ဒေါ်မြကြည်၊ မြေး ဒေါ်အေးနွဲ့၊ ဒေါ်စောကြည်၊ ဒေါ်စိန်အေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း၊ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကနစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဓာတ်အားလိုင်းအပြစ်ဖြစ်မှု မှတ်တမ်းတင်စက်နှင့် ဓာတ်အားစနစ် ကာကွယ်မှုစနစ်ကို စမ်းသပ်စစ်ဆေးသည့်စက်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၅

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOI CA)၏ နည်းပညာဆိုင်ရာအကူအညီဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် The Development Study on the Power System Operation and Protection Schemein Myanmar လုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် လျှပ်စစ်ဓာတ်အား စနစ်တွင် တပ်ဆင်အသုံးပြုရန် ဓာတ်အားလိုင်းအပြစ်ဖြစ်မှု မှတ်တမ်းတင်စက် (Fault Recorder) များ၊ ဓာတ်အားစနစ်ကာကွယ်မှုစနစ်ကို စမ်းသပ်စစ်ဆေးသည့်စက်တစ်စုံနှင့် လုပ်ငန်းတွင် အသုံးပြုရန် မော်တော်ယာဉ် တစ်စီးတို့ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၃ ရက်မွန်းလွဲပိုင်းက ရန်ကုန်မြို့တော်လျှပ်စစ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

လှူဒါန်းပွဲတွင် ရှေးဦးစွာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးရှေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး Mr.Lee Ju Heum က ဓာတ်အားလိုင်းအပြစ်ဖြစ်မှု မှတ်တမ်းတင်စက်လေးလုံး၊ ဓာတ်အားစနစ်ကာကွယ်မှုစနစ်ကို စမ်းသပ်စစ်ဆေးသည့် စက်တစ်စုံ၊ မော်တော်ယာဉ်တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။**(အောက်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOI CA)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက်လှူဒါန်းပွဲကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စီမံချက်မန်နေဂျာ Mr. Kim John Hwa က ယခုလွှဲပြောင်းပေးအပ်သည့် လျှပ်စစ်ဆိုင်ရာပစ္စည်း၏ အသုံးဝင်မှုနှင့် အကျိုးကျေးဇူးကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သံအမတ်ကြီးက လျှပ်စစ်ဆိုင်ရာပစ္စည်းများ လှူဒါန်းရခြင်းကို ပြောကြားပြီး ဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

ပင်လယ်ကူး သင်္ဘောသားများအသင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း၏ ရေကြောင်းလောကရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးများအား တတိယအကြိမ်မြောက် ဂါရဝပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် Sandy Myanmar စားသောက်ဆိုင် (ကန်တော်ကြီး ဟိုတယ် အနီး)၌ ကျင်းပမည်ဖြစ်၍ အသင်းသားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ချင်းပြည်နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်ဆုချီးမြှင့်ပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှလိုက်ပါလျက် ဖလမ်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လူငယ်ရေးရာလုပ်ရှားမှုအဖြစ် ဆောင်ရွက်လျက်ရှိသော ပန်းဖွားအကသင်တန်း၊ ကဗျာလွတ်အကသင်တန်း၊ ပတ္တလားအတီးသင်တန်းနှင့် မြို့နယ်ခန်းမ၌ ဖွင့်လှစ်လျက်ရှိသော အေရိုးဗစ်သင်တန်းများအား ကြည့်ရှုအားပေးပြီး အဆိုပါသင်တန်းများအတွက် အလှူငွေထောက်ပံ့ပေးအပ်သည်။

အမှာစကားပြောကြား

ဗဟိုအလုပ်အမှုဆောင်သည်အောက်တိုဘာ၁၀ရက်နံနက်ပိုင်းတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)သို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ချင်းပြည်နယ်၌ သိပ္ပံဘာသာတွဲ ငါးဘာသာဂုဏ်ထူးဖြင့် ပထမရရှိသူတစ်ဦး၊ ဝိဇ္ဇာဘာသာတွဲဖြင့် ပထမဆုရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ပညာသင်ထောက်ပံ့ကြေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအား ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်မင်းထံ လွှဲပြောင်းပေးအပ်သည်။

အစီရင်ခံစာဖတ်ကြား

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပရာ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာလုပ်ငန်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်များက တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကာ တင်ပြချက်များအပေါ် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့မှ ပြန်လည်ရှင်းလင်းတင်ပြပြီး အစည်းအဝေးကြီးက အတည်ပြုခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းသုံးရပ်နှင့် ဆုံးဖြတ်ချက်သုံးရပ်တို့ကို ချမှတ်သည်။

ကြည့်ရှုအားပေး

ဗဟိုအလုပ်အမှုဆောင်သည်အောက်တိုဘာ ၁၁ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့်အတူ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးအဆောက်အအုံသစ် ဆောက်လုပ်နေမှုအား ဝင်ရောက် ကြည့်ရှုစစ်ဆေးသည်။ ထိုမှ ဆက်လက်ထွက်ခွာခဲ့ရာ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်စိုက်ခင်းစုပေါင်းလက်ဖက်ခူးပွဲသို့ ရောက်ရှိပြီး အသင်းဝင်များ၏စုပေါင်း လက်ဖက်ခူးယူနေမှုအား ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲအတွက် တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်းနေ ဒေါ်ခင်မေရှိ မိသားစုက ကိုးလက်မပတ်လည် ရွှေချပြီး အချပ် ၂၀ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆီမီး၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)နှင့် တာဝန်ရှိသူများ လက်ခံယူစဉ်။ (၀၄၆)

■ ကျောဖုံးမှ

၃။ နိုင်ငံတော်အစိုးရသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သော အခြေခံကောင်းများကို ရရှိထားပြီး မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ခြိမ်းခြောက်နိုင်စရာမရှိပါ။

၄။ အမေရိကန်နိုင်ငံ၏ ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချကာ စွက်ဖက်လုပ်ဆောင်လာမှုသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီစနစ်ထွန်းကားစေရန် ကြိုးပမ်းဆောင်ရွက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးရန် ကြံရွယ်လာခြင်းဖြစ်သဖြင့် ကျွန်ုပ်တို့ မွန်ငြိမ်းချမ်းရေး(မြိတ်ဒေသ)အဖွဲ့က ပြင်းထန်စွာ ရှုတ်ချပါကြောင်း ကြေညာလိုက်သည်။

နိုင်အောင်သိုက်ဟင်
ခေါင်းဆောင်
မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)

တိုက် ၂၆၉ အခန်း ၁၁ အရှေ့ရန်ကင်းနေ ဦးကျော်မြင့်-ဒေါ်နှင်းနှင်းခိုင်၊ သား မောင်ဟန်ထူးဇော်၊ မောင်ထက်အောင်လှိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံ အဆောက်အအုံအတွက် အလှူငွေ ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ပြည်နယ်နှင့် တိုင်း ပိုက်ကျော်ခြင်း အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု (၁၀)ကြိမ်နှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမ သုံးကြိမ်ဆက်တိုက် ဒိုင်းအပိုင်ရရှိသွားသော ရေဝတီတိုင်းအသင်းအား ဆုယူအပြီး ဆုများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်နယ်နှင့် တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၅

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား သုံးယောက်တွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း (က) အသင်းနှင့် (ခ)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းတိုင်း (ခ)အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ စစ်ကိုင်းတိုင်း (က)အသင်းက ဒုတိယရရှိပြီး ရေဝတီတိုင်း(က)အသင်းက တတိယ ရရှိသွားသည်။ စစ်ကိုင်းတိုင်းသည် ယခုပြိုင်ပွဲအပါအဝင် (၆)ကြိမ်မြောက် ဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။

ပထမဒိုင်းဆု

အမျိုးသမီးပြိုင်ပွဲ သုံးယောက်တွဲ ပြိုင်ပွဲတွင်လည်း ရေဝတီတိုင်း (က) အသင်းသည် (ခ)အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ရေဝတီတိုင်းအသင်းသည် ယခုအကြိမ် အပါအဝင် (၁၀)ကြိမ်မြောက် ဗိုလ်စွဲနိုင်ခြင်းဖြစ်သည်။ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ရေဝတီတိုင်း (က)အသင်းသည် မွန်ပြည်နယ် (က)အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး သုံးနှစ်ဆက်တိုက် ပထမဒိုင်းဆုကြီးကို အပိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် တရားရုံးချုပ် ရှေ့နေကြီးများဖြစ်ကြသော နေဖြူ ဦးစိုးမြင့်ဖုန်း-၀၉-၅၁၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၅၃၁၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀၀၀၆၉၀၊ ဦးမောင်မောင်(ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီ၊ ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၉၂၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ဒုတိယအကြိမ် ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပမည်ဖြစ်သည်။

ပြန်လည်ပန်းဝင်ရမည်

ဒုတိယအကြိမ် ခရီးရှည် (Endurance) မြင်းစီးပြိုင်ပွဲသည် တာထွက်မှသည် ပန်းဝင်သည်အထိ ကီလိုမီတာ ၈၀ (မိုင်၅၀) ကွာဝေးမည်ဖြစ်သည်။ ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု လေလင်းပုတ်ကျေးရွာရှိ YKKOမြင်းစီးကလပ်မှ နံနက် ၄ နာရီတွင် စတင်တာလွှတ်ပြီး ပုဂံဘုရားများကိုပတ်ကာ YKKO မြင်းစီးကလပ်၌ ပြန်လည်ပန်းဝင်ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် လူဦးရေကန့်သတ်ချက်မရှိဘဲ အသက် ၆၀ အောက် အမျိုးသား၊ အမျိုးသမီး မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်မြင်းမှာ လေးနှစ်ပြည့်ပြီးသော မြင်းဖြစ်ရမည်ဖြစ်ပြီး မိမိတို့၏ အစီအစဉ်ဖြင့် ယူဆောင်လာရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ငွေသားဆုများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေ ကျပ်သုံးသိန်း၊ တတိယဆုငွေ ကျပ်နှစ်သိန်း၊ စတုတ္ထဆုငွေ ကျပ်တစ်သိန်းနှင့် ပဥ္စမဆုငွေ ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်လိုသော မြန်မာနိုင်ငံအရပ်ရပ်မှ မြင်းစီးအားကစားသမားများသည် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ထားကြရန်နှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပင်လုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်နှင့် ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု လေလင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လမ်းပိတ်ဆို့ဈေးသည်များ ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် ဒဂုံညွန့်ဈေးအနီးရှိ ကောသမ္ဗီလမ်းနှင့် သတိပဋ္ဌာန်လမ်းတို့တွင် စည်းကမ်းမဲ့ဈေးသည်များ ရောင်းချနေခြင်းကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး အမှိုက်များကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေးထိခိုက်လျက်ရှိပါ၍ စည်းကမ်းမဲ့ ဈေးသည်များအား သက်ဆိုင်ရာက ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **(ယာပုံ)**

စည်းကမ်းတကျဖြစ်စေလိုသူ

ရွှေတံချောင်း မြောင်းဘောအရက်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀/၃၁)လမ်းကြား ၈၆ လမ်းပေါ် အရှေ့ဘက် ရွှေတံချောင်းမြောင်းဘောတွင် ညဥ့်နက်အထိ ရောင်းချလျက်ရှိသော အရက်ဆိုင်တစ်ဆိုင်၌ အရက်သောက်သူအချို့သည် လမ်းသွားလမ်းလာ မိန်းမပျိုများကို ကလန့်ြေပျက်အောင် အရက်ဆိုင်ထဲမှ နှောက်ပြောင်လေ့ရှိသည့်အပြင် စာသင်ကျောင်းအနီးတွင်ရှိသဖြင့် ကလေးငယ်များကို စာရိတ္တပျက်ပြားစေပါသည်။ သို့ပါ၍ အဆိုပါအရက်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မန္တလေးသား

တရားမဝင်စက်သုံးဆီဆိုင် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

အမရပူရမြို့နယ် ငယ်တိုးရပ်ကွက် ဆင်ကာရွာ စစ်ကိုင်း-မန္တလေး ဒွေးလမ်း အရှေ့ဘက်နှင့်အနောက်ဘက် မြစ်ကြီးနား မီးရထားလမ်းအနီးတွင်ရှိသော ပုဂ္ဂလိကစက်သုံးဆီဆိုင် နှစ်ဆိုင်သည် တရားမဝင်လောင်စာဆီများ သိုလှောင်၍ ရောင်းချလျက်ရှိရာ ကျေးရွာများအတွက် မီးဘေး စိုးရိမ်ရပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဆင်ကာသား

ကားဘော်ဒီထုသံ အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အောင်မြေသာစည်(၂)လမ်းတွင် ကားဘော်ဒီရုံတစ်ရုံသည် နေ့စဉ်နှင့်အမျှ ဘော်ဒီထုခြင်း၊ ဆေးမှုတ်ခြင်းတို့ကြောင့် သက်ကြီး ရွယ်အိုများ၊ ကျောင်းသားကျောင်းသူများ အနှောင့်အယှက် ဖြစ်ရသည့်အပြင် လမ်းပျက်စီးလျက်ရှိသဖြင့် ယင်းကားဘော်ဒီရုံအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြပါသည်။

အောင်မြေသာစည်လမ်းသား

သောက်ရေကန်သန့်ရှင်းရေး ကြပ်မတ်ပေးပါ

စာတည်းရှင့်-

ဒေါပုံမြို့နယ် အောင်ချမ်းသာနှင့် ဝါဆိုရပ်ကွက်ရှိ ရေကန်ကြီးမှာ ယခင်က သောက်သုံးရေအဖြစ် သုံးနိုင်ခဲ့သော်လည်း ယခုအခါ ငါးမျှားခြင်း၊ အမှိုက်များ ပစ်ချခြင်းတို့ကြောင့် ရေများ ညစ်ညမ်းလျက်ရှိပါသည်။ အဆိုပါ ရေကန်အား သောက်သုံးရေကန်အဖြစ် အသုံးပြုနိုင်ရေး စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ဝါဆိုသူ**

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ နန်းတော်ကုန်းနယ်မြေ သာယာကုန်း (၂)ရပ်ကွက် သံလမ်းတောင်ဘက်တွင် အုတ်သဲကျောက် လုပ်ငန်းပိုင်ရှင်တစ်ဦးသည် ၎င်း၏ကားသွားလာကောင်းစေရန်အတွက် အရှေ့အနောက်လမ်းမကြီးကို မြေဖို့ထားပါသဖြင့် ရေစီးရေလာမကောင်းဘဲ ခြင်များပေါက်ပွားပြီး ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်နိုင်သဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သာယာကုန်းသား

သင်္ဂဟလမ်းက မိလ္လာရေဆိုးများ ရှင်းလင်းဆောင်ရွက်ပြီး

၇-၈-၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးအထက်ရပ်ကွက်၊ သင်္ဂဟလမ်းမှ မိလ္လာရေဆိုးများ လမ်းမပေါ် စီးဆင်းနေ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

စက်သုံးဆီ သိုလှောင်ရောင်းချမှု ရှင်းလင်းပြီး

၁၈-၉-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပေးစာနှင့်ပတ်သက်၍ ဝေါမြို့နယ် စည်ပင်သာယာဈေးဘေးရှိ ကမ်းနားလမ်း ဓမ္မာရုံအောက် စက်သုံးဆီသိုလှောင်ရောင်းချနေမှုကို ဖယ်ရှားရှင်းလင်းပြီးပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ဝါးခယ်မ မုခဝတီကျောင်းလမ်း ယင်လုံအိမ်သာဆောက်လုပ်ပြီး

၂၄-၇-၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဝါးခယ်မမြို့ ရေကျော်ရပ်ကွက် မုခဝတီကျောင်းလမ်းရှိ နေအိမ်အချို့အား ယင်လုံအိမ်သာဆောက်လုပ်ရန်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ကမ္ဘာတစ်လွှား အားကစား

ဂျာမန် ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ဝါဒါဘာရီမင်တို့ ဦးဆောင်ပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

မြူးနစ် အောက်တိုဘာ ၁၅

ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို အောက်တိုဘာ ၁၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် အိမ်ကွင်း၌ ဟာသာဘာလင်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ထိုးဖောက်

ဘိုင်ယန်မြူးနစ်မှ မာတင်ဒီမီချီလစ်၏ ဟာသာဘာလင်ဘက်သို့ ထိုးဖောက်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ–အင်တာနက်)

ဘိုင်ယန်မြူးနစ်အသင်း အတွက် အနိုင်ဂိုးများကို မက်ကိုင်း၊ ဆက်နော နှင့် ပီဇာရိုတို့က ပွဲချိန် ၅၃ မိနစ် အတွင်း သုံးဂိုးသွင်းထားနိုင်ခဲ့သည်။

အနိုင်ဂိုး

သို့သော်လည်း ဖာသီနှင့်ဖန်သီလစ်တို့က ဟာသာဘာလင်အသင်း အတွက် ချေပဂိုးများ နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့ကြသည်။ သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် စတုတ္ထမြောက်အနိုင်ဂိုးက ပိုဒေါစကီးက သွင်းယူခဲ့သည်။

ဒုတိယ

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ခုနစ်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရမှတ် ၁၃ မှတ်ရရှိကာ တန်းစီဇယား ဒုတိယနေရာတွင် ရပ်တည်လျက် ရှိသည်။

ဘိုချန်–ဝါဒါဘာရီမင်

ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ဝါဒါဘာရီမင်အသင်းသည် ဘိုချန်အသင်း၏ အိမ်ကွင်း၌ ခြောက်ဂိုး–ဂိုးမရှိအနိုင်ရပြီး ဘွန်ဒက်စ်လီဂါတွင် ဂိုးသွင်းစံချိန်တင်လိုက်သည်။

အောင်ပွဲခံ

ဝါဒါဘာရီမင် အသင်းသည် ပထမပိုင်းတွင် ဘိုချန် အသင်းကို တစ်ဂိုးသာ သွင်းထားနိုင်သော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးဆက်တိုက် သွင်းယူပြီး အောင်ပွဲခံခဲ့သည်။

ဝါဒါဘာရီမင်တို့ ယင်းပွဲအနိုင်ရလိုက်၍ ခုနစ်ပွဲကစား လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးသော်လည်း ဂိုးကွာခြားချက်ဖြင့် ချန်ပီယံဘိုင်ယန်မြူးနစ်ကို ကျော်ပြီး အမှတ်ပေးဇယား ထိပ်ဆုံး နေရာကို ရယူနိုင်ခဲ့သည်။

ဟမ်းဘတ်–ရှော်လ်ကေး

ရှော်လ်ကေးအသင်းနှင့်ဟမ်းဘတ်အသင်းတို့ယှဉ်ပြိုင် ကစားကြရာတွင် ရှော်လ်ကေးက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှော်လ်ကေးအသင်းသည် ယင်းပွဲအနိုင်ရလိုက်၍ ဘွန်ဒက်စလီဂါတွင် ခုနစ်ပွဲကစားလေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး ဝါဒါဘာရီမင်၊ ဘိုင်ယန်မြူးနစ်တို့နှင့် အတူ ရမှတ် ၁၃ မှတ်စီရထားသည်။ သို့သော်လည်း ဂိုးကွာခြားချက်အရ ရှော်လ်ကေးတို့ တတိယနေရာတွင် ရှိနေသည်။

စတုဂတ်–လေဗာကူဆင်

စတုဂတ်အသင်းသည် အိမ်ကွင်း၌ လေဗာကူဆင် အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရလိုက်သည်။ စတုဂတ်အသင်းအတွက်အနိုင်ဂိုးများကို ဂိုမက်ဇ်၊ ဘိုကာ၊ ဟစ်စပီယာဂါတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၆၁မိနစ်တွင် လီဗာကူဆင်အသင်းမှ ရာမဲလို အနီကတ်ဖြင့် ထွက်သွားရသည်။

စတုဂတ်အသင်း၏ ယခုပွဲ အနိုင်ရမှုသည် တတိယမြောက် အနိုင်ပွဲဖြစ်သည်။

စတုဂတ်အသင်းကဲ့သို့ ဂလက်ဘတ် အသင်းသည်လည်း အိမ်ကွင်း၌ ဝုဖ်ဘတ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ဟန်နိုဗာအသင်းနှင့် ဖရန့်ဖတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ **(အင်တာနက်)**

ချယ်လ်ဆီးဂိုးသမားနှစ်ဦး ဒဏ်ရာဖြင့်ထွက်ခဲ့ရသည့် ပရီမီယာလိဂ်ပွဲစဉ်(၈) အသင်းခေါင်းဆောင် ဂျွန်တယ်ရီ ဂိုးဝင်ဖမ်းပေးခဲ့ရ

လန်ဒန် အောက်တိုဘာ ၁၅

ချယ်လ်ဆီးဂိုးသမား ပီတာချက်သည် ရီဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၈) ပြိုင်ပွဲတွင် ရီဒင်းကစားသမား စတီဖန်ဟန့်နှင့် ထိခိုက်မှုဖြစ်ပြီး ခေါင်းဒဏ်ရာရသွားသဖြင့် ဆေးရုံတင်လိုက်ရသည်။

ပီတာချက်အစားဝင်ဖမ်းသည့် ကူဒီစင်နီသည်လည်း ရီဒင်း နောက်တန်းလူ အီဘရာဟီမာဆွန်ကိုနှင့်တိုက်မိပြီး ဒဏ်ရာရသွား၍ ပွဲပြီးအောင်မကစားရာဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အဆိုပါပြိုင်ပွဲတွင် ချယ်လ်ဆီးတို့ ရီဒင်းနောက်တန်းလူ အင်ဂျီမာဆင်၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသည့် ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချယ်လ်ဆီးအသင်းမှ မီးခေးလ်အိုဘီသည် ပွဲချိန် ၆၂ မိနစ်တွင် နှစ်ဝါ တစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ထို့အတူ ပွဲချိန် ၈၂ မိနစ်တွင် ရီဒင်းမှ ဘစ်ကီသန်လည်း နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ချယ်လ်ဆီး ဂိုးသမားနှစ်ဦးစလုံး ပြိုင်ပွဲမှထွက်ခဲ့ရ၍ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် ပွဲပြီးခါနီးတွင် ဂိုးဝင်ဖမ်းပေးခဲ့ရသည်။ **(အင်တာနက်)**

ပြင်သစ် ပထမတန်းအမှတ်ပေးပွဲများယှဉ်ပြိုင် လီယွန်အသင်း ထိပ်ဆုံးမှ ဦးဆောင်နေ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လီယွန် အောက်တိုဘာ ၁၅

ပြင်သစ်ပထမတန်းဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ပြိုင်ပွဲများကို အောက်တိုဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချန်ပီယံလီယွန်အသင်းသည် အိမ်ကွင်း၌ စိန့်အီစတိန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

လီယွန်အသင်းမှ ဂိုဗူး(အလယ်)**၏ စိန့်အီစတိန်းဘက်သို့ ထိုးဖောက်မှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)

လီယွန်အသင်းအတွက် ဗွေဆော် ဦးဂိုးကို တီယာဂိုက ပွဲချိန် ၆၅ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ယင်းဂိုးသွင်းပြီး သုံးမိနစ်အကြာ မောက်ကိုယာက ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် စိန့်အီစတိန်းအသင်းမှ ဒီယက်တာ အနီကတ်ဖြင့် ထွက်သွားရသည်။ လီယွန်အသင်းမှ ပါနာဘူကာနို ပွဲချိန် ၈၃ မိနစ်တွင် ပယ်နယ်တီ ဂိုးသွင်းခွင့်ရသော်လည်း ဂိုးမဝင်ခဲ့ပေ။

အနိုင်ဂိုးသွင်း

ပွဲပြီးရန်တစ်မိနစ်အလိုတွင် ပါနာဘူကာနိုကပင် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်

လီယွန်အသင်းသည် ယခုနှစ် ပြင်သစ်ပထမတန်းဘောလုံးပြိုင်ပွဲ ကိုးပွဲကစားပြီး ရှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ၂၅ မှတ်ရကာ တန်းစီဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ဒုတိယနေရာမှ လိုက်သော မာဆေးအသင်းသည် ရှစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၁၉ မှတ်သာ ရသေးသည်။

ထိုနေ့က နာမည်ကြီးမိုနာကိုအသင်းသည် ဘိုဒေါ့အသင်းကို အဝေးကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အနိုင်ရခဲ့

သို့ရာတွင် တူးလော့စ်အသင်းသည် အိမ်ကွင်း၌ စီနက်စ်အသင်းကို အိမ်ကွင်းတွင် သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထို့အတူ ပီအက်စ်ဂျီသည်လည်း ဆီဒန်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ရိန်းစ် အသင်းသည် အိမ်ကွင်း၌ အော်ဇေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

သို့သော်လည်း ဆိုးချော့စ်အသင်းသည် အဝေးကွင်း၌ နိုက်စ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ နန့်စ်အသင်းသည်လည်း လိုရီးယန့်အသင်းကို အိမ်ကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အလားအလာကောင်း

ယခုနှစ် ပြင်သစ် ပထမတန်းဘောလုံးပြိုင်ပွဲတွင် ချန်ပီယံလီယွန်အသင်းသည် အခြားအသင်းများကို ရမှတ် ခြောက်မှတ်အသာဖြင့် ဦးဆောင်နေ၍ ထပ်မံဖိုလ်စွဲရန် အလားအလာကောင်းနေသည်။

(အင်တာနက်)

နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း စပိန်လာလီဂါ၌ ရှုံးပွဲစတင်ကြုံ

မက်ဒရစ် အောက်တိုဘာ ၁၅

စပိန်လာလီဂါ ပွဲစဉ်(၆) အဖြစ် ဂီတာဖေးအသင်းနှင့် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းတို့ အောက်တိုဘာ ၁၄ ရက်ညပိုင်းကယှဉ်ပြိုင်ကစားခဲ့ကြရာ ဂီတာဖေးကအိမ်ကွင်း၌ ရီးရဲမက်ဒရစ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

အနိုင်ဂိုး

ဂီတာဖေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို နောက်တန်းလူ အလီဇစ်က သွင်းယူသွားခြင်းဖြစ်သည်။

ချေပဂိုးမသွင်းနိုင်

ရီးရဲမက်ဒရစ်အသင်းမှ နာမည်ကြီးကစားသမားများ ဖြစ်ကြသည့် နစ္စတယ်ရွိုင်း၊ ဘက်ခမ်း၊ အီမာဆင်၊ ကားလို့စ်တို့ ပါဝင်ကစားခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ပေ။



ဂီတာဖေးကစားသမားများကြားမှ ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရော်နယ်ဒိုဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ပွဲချိန် ၄၅မိနစ်တွင် ကက်ဆာနိအစား တိုက်စစ်မှူး ရော်နယ်ဒိုပါဝင်ကစားခဲ့သည်။ သို့သော်လည်း တိုက်စစ်မှူး ရော်နယ်ဒိုသည် ပွဲပြီးခါနီး မိနစ်ပိုင်းအလိုတွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ရီးရဲမက်ဒရစ်တို့ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ဂီတာဖေးအသင်း၏ နောက်တန်းခံစစ်ကို မကျော်နိုင်၍ ချေပဂိုးသွင်းခွင့်နှင့် လွဲခဲ့ရသည်။

ရီးရဲမက်ဒရစ်သည် ယခုနှစ် စပိန်လာဂီဂါပြိုင်ပွဲ ခြောက်ပွဲကစားအပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။
(အင်တာနက်)

THREE FRIENDS CONSTRUCTION CO.,LTD.

Modern Furniture (MDF,Ply,Teak) 5% · Rollershutter 2% · Composite 2% · Architectural Design · Structure Design · T&G(Thaiply) 3% · Wall Covering 10% · C-channel · L-Bar · Black Screw · Adhesive · (PVC,Ply,Teak) · (PAE)

ဆက်သွယ်ရန်လိပ်စာ
44A(1)
01-294864, 201121, 201478, 298341
09-50 11443, 09-50 10289, 09-51 54853, 09-51 55037

KMD (သိပ်ကြီးဈေး) Computer Centre
:: I-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting

လူပျောက်ကြော်ငြာ

ဗဟန်း ၃လမ်း၊ အနောက်ဘက်ထိပ်၊ အောင်ပန်းကျောင်းတိုက်နေ ပအိုဝ်းတိုင်းရင်းသား သာမဏေကိုရင် အသက်(၁၀)နှစ်အောက် မှုံကြီး(ခ) ထွန်းထွန်းဝင်း ၂၀-၉-၂၀၀၆ရက်တွင် ဆွမ်းခံကြွရာမှ ယနေ့အထိ ပြန်လည်မရောက်ရှိခဲ့ပါသဖြင့် တွေ့ရှိခဲ့ပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၃၇၁၀၅၂၊ ၀၉-၈၀-၃၁၃၁၅။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊မဟာဗန္ဓုလပန်းခြံလမ်း၊တိုက်အမှတ်၃၅၂/၃၆၆၊အခန်း ၁၆နေ (ဦးကျော်ထွန်းအောင်) (အင်ဂျင်နီယာမှူး၊ ဆောက်လုပ်ရေး)-ဒေါ်စီစီသော်(မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ငြိမ်း)တို့၏ တတိယသား

မောင်အောင်ကျော်သူ

B.A (Hons;) (°International Relations)

[ဌာနစုမှူး(၁)၊ နိုင်ငံခြားရေးဝန်ကြီးဌာန] နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဗထူးလမ်း၊(၄)ရပ်ကွက်၊ အမှတ် ၆၀၁နေ ဦးစောထွန်း(စက်ရုံခွဲတာဝန်ခံ၊ ရော်ဘာပစ္စည်းစက်ရုံ)-ဒေါ်သန်းအေးတို့၏ တစ်ဦးတည်းသောသမီး

မစောမျိုးမျိုးဦး

B.Com (Hons;), M.Com (Part II), D.A (LCCI,UK)

တို့၏ ၁၅-၁၀-၂၀၀၆ရက်တွင် Central Hotel ၌ကျင်းပသော လက်ထပ်မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော သံအမတ်ကြီး ဦးဖေသိန်းတင်နှင့်ဇနီး ဒေါ်ဝင်းဝင်းဆွေ၊ ညှော်ခံပွဲအစအဆုံးကူညီပေးသော ညီမငယ် ဆွိတီနှင့် သူငယ်ချင်းများ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်မောင်အောင်ကျော်သူ -မစောမျိုးမျိုးဦး။**

ပေးအပ်လှူဒါန်း

အောက်တိုဘာ ၁၄ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ဦးထွန်းအောင်ကျော်(ဝိဇ္ဇာတွဲ) (တွံတေး၊ ရှမ်းစု) ဒု/လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှာရန်ရာနှုန်း၆၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၄လမ်း၊ တိုက် ၃၃၊ အခန်း ၀၀၂ မြေညီထပ်နှင့် အခန်း ၁၀၂ ပထမထပ်အခန်းများ၏ လက်ရှိပိုင်ရှင်ဖြစ်သော ဦးမိုးယုဝင်း ၁၂/အလန(နိုင်)၀၃၅၆၃၆၏ မူရင်းငွေသွင်းပြေစာများ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအခန်းများအတွက် ပိုင်ဆိုင်မှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ယုဇနဆောက်လုပ်ရေးအဖွဲ့။ အမှတ် ၁၃၀၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ဖုန်း-၅၄၀၇၄၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးရှောက်ယုန်၏ နိုင်ငံသားစိစစ်ရေးကတ် ၁၃/လရန(နိုင်)၁၀၆၅၉၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀-၂၇၉၈၈၊ ၃၇၉၉၅၀။**

ရောင်းမည်

အင်းလျားလမ်း၊ မြေ ပေ ၇၀ X ပေ ၁၀၀။ **ဖုန်း-၇၂၆၄၈၀၊ ၀၉-၅၀၁၀၂၄၇။**

ဟံသာဝတီနန်းတော်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း ထိုင်းနိုင်ငံဆေးရုံ၏ဌာနေကိုယ်စားလှယ်ရုံးခန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၅

ထိုင်းနိုင်ငံ Phya Thai Hospital (1,2,3) Phya Thai (Pataya) နှင့် မြန်မာနိုင်ငံ ဟံသာဝတီနန်းတော်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့၏ မြန်မာဌာနေ ကိုယ်စားလှယ်ရုံးခန်း သတ်မှတ်ဖွင့်လှစ်ခြင်း အခမ်းအနားနှင့် ဆေးရုံပိုင်းဆိုင်ရာ အထူးကုသနိုင်မှုများကို ထိုင်းနိုင်ငံမှ အထူးကု ဆရာဝန်ကြီးများက ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ Prasit Patana Public Company Limited and Phya Thai Group of Hospitals မှ Chairman Mr. Wichai Thongtang က အဖွင့်အမှာစကားပြောကြားသည်။

မိတ်ဆက်ရှင်းလင်း

ထို့နောက် Chief Medical and International Business Officer Dr. Suropang Ambhamwang က ဆေးရုံနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် Phya Thai Hospital ဆေးရုံနှင့်ပတ်သက်၍ အကောင်းဆုံးဆောင်ရွက်ပေးနိုင်မှု၊ Special Treatment တို့နှင့်စပ်လျဉ်း၍ ဆေးကုသမှု အတွေ့အကြုံ ကြီးမားသော အထူးကုဆရာဝန်ကြီးများက အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဟံသာဝတီနန်းတော် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းမှ CEO ဦးဇော်မျိုးနိုင်က ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဟံသာဝတီနန်းတော် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် Prasit Patana Public Company Limited and Phya Thai Group of Hospitals တို့သည် နှစ်ဖက်အကြိုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(ဓဲပုံ)**

အဆိုပါ ဟံသာဝတီနန်းတော် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၏ ယာယီကိုယ်စားလှယ်ရုံးခန်းမှာ အမှတ်(၅၁) G.6 တော်ဝင်လမ်း တော်ဝင်ပုလဲအိမ်ရာ I.L.B.C (တာမွေ)အနီးတွင် ဖွင့်လှစ်ထားပြီး ဖုန်း-၀၁-၅၄၂၂၉၀၊ ၀၁-၇၀၅၅၈၁တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အမှတ်၄၁ ဗဟန်း ၃လမ်း မြို့မရပ်ကွက် ရန်ကုန်မြို့နေ ဦးဗလ-ဒေါ်ကြည်လင် အားရည်စူး၍ သား ဦးစန်းမောင်မြင့်၊ ဒေါ်ဆွေဆွေဦးနှင့် မြေးမိသားစုက အမှတ်၄၂ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ဦးမျိုးသန့် နေအိမ်၌ အလှူငွေကျပ်တစ်သိန်းရှစ်သောင်း လှူဒါန်းရာ အမှုဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

မြို့တော်ဂေါက်ကွင်း၌တစ်ချက်တည်းကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၁၅

ဦးအောင်မြင့်ဦးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ အောက်တိုဘာ၁၄ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်၁၂၌ ကိုက်၁၅၀အကွာမှ Srixon No-4 ဘောလုံးကို Maruman No-7တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးယုနိုင်၊ ဦးသူရိန်နှင့် ဦးဆန်းလင်းတို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း၌ ကားတစ်စီးမီးလောင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၅

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၉)ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်း၌ ယနေ့နံနက် ၁နာရီ၅မိနစ်ခန့်တွင် ညအိပ်ရပ်နားထားသည့်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းနေ ယာဉ်ပိုင်ရှင် ဦးညီညီ၏ ပတ်ဘလစ်ကာ ယာဉ်သည် ညအိပ်ရပ်နားထားစဉ် အဆိုပါယာဉ်မှ ဓာတ်ဆီများ ယိုစိမ့်ကျနေခဲ့ကြောင်း၊ ည ၁နာရီခန့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)နေ မျိုးသူသည် လမ်းအတွင်းဝင်ရောက်လာပြီး မီးခွက်ထွန်း၍ ကြွက်ရိုက်နေခဲ့ရာမှ ဦးညီညီ၏ယာဉ်အောက်သို့ ကြွက်ဝင်ရိုက်စဉ် ယိုစိမ့်နေသည့် ဓာတ်ဆီများမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ယာဉ်၏ရှေ့ခန်းရှိ ဆိုဖာများ၊ တာယာနှင့် လေကာမှန်တို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ ကျောက်တံတားမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် အဖွဲ့ဝင်များ ရောက်ရှိပြီး မီးငြှိမ်းသတ်မှုကြောင့် နံနက်၁နာရီ မိနစ်၂၀တွင် မီးငြိမ်းသွားခဲ့ကြောင်း။

စုံစမ်းစစ်ဆေး

မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ဒဂုံမြို့သစ်(တောင်ပိုင်း)မှ မျိုးသူ၊ ယာဉ်ပိုင်ရှင် ဦးညီညီနှင့် ဗိုလ်ဆွန်ပက်လမ်း ညစောင့်တာဝန်ခံများအား ပန်းဘဲတန်းမြို့နယ် ရဲစခန်းက လိုအပ်သည်များ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလမ်းမြို့နယ် မိခင်/ ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အဆိုပြုလွှာပေးအပ်ပွဲ ကျင်းပ

ဖလမ်း အောက်တိုဘာ ၁၃

ဖလမ်းခရိုင် ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရာသက်ပန်အဆိုပြုလွှာနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ရက် နံနက်၁၀နာရီက ဖလမ်းမြို့ အိမ်တွင်းမှုကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်ကအမှာစကားပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရာသက်ပန်အဆိုပြုလွှာ ၂၁စောင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၁ စောင်ကို အိမ်တွင်းမှုကျောင်းအုပ် ဆရာမကြီး ဒေါ်သီဂီကျော်ကပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က လက်ခံရယူကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဆင်လှူပွဲတော်ဖွင့်ပွဲအခမ်းအနား ကျောက်ဆည်မြို့၌ကျင်းပ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေး

မန္တလေး အောက်တိုဘာ ၁၀

ကျောက်ဆည်မြို့နယ်၏ ၂၀၀၆ခုနှစ် ဆင်လှူပွဲတော်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၁၀နာရီခွဲက ကျောက်ဆည်မြို့ဈေးတန်းရပ်ကွက် ရွှေသာလျောင်းတောင်ခြေ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှု အားပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်၊ ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်နှင့်မြို့နယ်များမှဌာနဆိုင်ရာများ၊ ဆင်ဖြူတော်၊ ဘော်ကြယ်ဆင်၊ ရိုးရာဆင်နှင့်ကလေးဆင်မှ ဆင်အကအဖွဲ့များ၊ အမှတ်ပေးဒိုင် အဖွဲ့ဝင်များ၊ နိုင်ငံခြားဧည့်သည်တော်များနှင့် နယ်မြေခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် ကျောက်ဆည်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆင်အကအဖွဲ့များဖြစ်သော ဆင်ဖြူတော်နှစ်စီး၊ ဘော်ကြယ်ဆင်ရှစ်စီး၊ ရိုးရာဆင်၁၃စီး၊ကလေးဆင်ခြောက်စီးတို့က အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုကပြဖျော်ဖြေသည်။

ဆက်လက်၍ ရောမင်းဆင်အကအဖွဲ့က ရိုးရာဆင်အကများဖြင့် ကပြဖျော်ဖြေပြီး**(အပေါ်ပုံ)** တိုင်းမှူးနှင့်ဇနီးတို့က ဆင်အကအဖွဲ့များကို ငွေသားကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၅ရက်က ညောင်ဦးခရိုင် ပုဂံမြို့ အနော်ရထာရပ်တွင် တန်ဖိုး ၆၄ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဗန်းမော်မြို့ ကောင်း တုံ ကျေးလက်လမ်း ကျောက် ချော ခင်းခြင်းလုပ်ငန်းကိုအငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့် ခေါင်းဆောင် သော အဖွဲ့ ဝန်ထမ်းများဆောင်ရွက်မှုကို စက်တင်ဘာ ၁၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
၁၇-၁၀-၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အထူးအသည်းအားဆေး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက် (မှားအစဉ် ပြင်ခဏ) (အငြိမ်းစားပါမောက္ခ ဒေါက်တာနိုင်ပန်းလှ)
၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (မေ့ထားကြရအောင်ပါ) (ရန်)
၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (အိမ်ပြန်ချိန်ကို မမေ့ပါနဲ့မောင်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသ ပင်လယ်ရေလုပ်သားများ၏ ရာသီဥတုခန့်မှန်းမှု နိမိတ်ပုံရိပ်များ) (မင်းသစ္စာလှိုင်-ကဒုံကနိ)
၁၃း၁၀ ပညာရေးအစီအစဉ် (ဆဋ္ဌမတန်း-သင်္ချာ) (ပုံသေနည်းများ ထည့်ခြင်းနှင့် အသုံးပြုခြင်း)

ညနေပိုင်း

၁၆း၀၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) တောင်တန်းကြီးတွေ တည်ရှိနေသရွေ့ (စန္ဒရားမြဦးအဖွဲ့)
(၂) ချစ်သော ဤမြေကမ္ဘာ (စံပယ်ဦးအဖွဲ့)
(၃) မီတွယ်ရာ အားထားရာ (စန္ဒရား ဘိုတာလေးအဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ဆယ်ကျော်သက်နဲ့ အဝလွန်ပြဿနာ) (နေမောင်)
၁၈း၂၅ ကျေးလက်ဓာတ်လမ်း (ပန်းတွေနဲ့ဝေ)
၁၉း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဟင်းနုနယ်ပင်)
၂၀း၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (စိတ်ကောင်းရှိသူ သူဌေးဖြစ်)
၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မြနဒီ (မြင့်မြင့်ရှိန်)
(၂) အသည်းထဲကမိန်းကလေးတစ်ယောက် (ညိုမြလေး)
(၃) မောင့်ကိုသူများချစ်မှာစိုးတယ် (ချစ်စံပယ်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သီးကုန်းကျေးရွာလမ်းကျောက်စုဆောင်းမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို စက်တင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကိုယ်ဝန်ဆောင်ပြုစုစောင့်ရှောက်ရေး သင်တန်းဖွင့်

ခမောက်ကြီး စက်တင်ဘာ ၂၀

ကော့သောင်းခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ကိုယ်ဝန်ဆောင် ပြုစုစောင့်ရှောက်ရေး(ရွှေ့လျား) သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက်နံနက်၁၀နာရီက ခမောက်ကြီး မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မေခိုင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ကော့သောင်းခရိုင်ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ဆရာဝန်ကြီးဒေါက်တာဉာဏ်ဇော်က ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်ဒေသသောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်မည့် နေရာရွေးချယ်

နွားထိုးကြီး စက်တင်ဘာ ၂၅

မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှမိုးသည် နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဦးတင်မောင်အေးတို့ လိုက်ပါလျက် စက်တင်ဘာ ၅ရက် နံနက်ပိုင်းက ဘုံသာကျေးရွာအုပ်စု ကြာပင်အိုင် စံပြကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဇီဝ ဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ မီးသုံးစွဲမှုအခြေအနေနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဖြစ်သော နွားမွေးမြူထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးလှမိုးနှင့် အဖွဲ့သည် ရွာကြီးကျေးရွာအုပ်စု ကန်နှောင်းကျေးရွာတွင်ကျေးလက်ဒေသသောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်မည့် မြေနေရာကို စစ်ဆေးရွေးချယ်ကြသည်။ **(၂၁၃)**

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးမိုးကျော်တို့ စက်တင်ဘာ ၂၃ ရက်က မုန်တောကြီးကျေးရွာ အလှူရှင်စက်ရေတွင်း ရေသုံးစွဲမှုနှင့် စက်ကြံ့ခိုင်မှုရှိရေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



အောက်တိုဘာ ၅ ရက်က ပုသိမ်မြို့ အောင်ရတနာလမ်း (ဘွက်ကြီးတန်း)နေ ဦးမျိုးဝေ-ဒေါ်မော်မော်ကျော်(မျိုးမိသားစု)က ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားအရှေ့ ဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်းတွင် ပုသိမ်မြို့ပေါ်ရှိ သံဃာတော်အပါး ၂၆၀၀ ကျော်တို့အား အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက်နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း၊ ဦးညီညီနှင့် သားဖိုလ်ကြီးသူရညီတို့အား ရည်စူး၍ အမှတ်၅၁(A)သဘော်ကျင်းလမ်း ယမုံနာအိမ်ရာ ဒေါပုံမြို့နယ်နေ ဒေါ်ခင်ခင်စိန် (၇၀)နှစ်မြောက်မွေးနေ့နှင့် သားသမီးမြေးများက အလှူငွေကျပ်နှစ်သိန်းရှစ်သောင်းလေးထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အဘယလာဘမုနိရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇနီယပွဲကျင်းပ အမေ့မေတ္တာစာမူဆုရသူများအား ဆုပေးအပ်ချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၅

ဆီမီးကိုးထောင်၊ ပန်းကိုးထောင် ဆက်ကပ်လှူဒါန်းပွဲနှင့် အဘယလာဘ မုနိ ရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်၊ အဘိဓမ္မာခုနစ်ကျမ်းရွတ်ဆိုပူဇော်ပွဲ အောင်မြင်စွာ ပြီးစီးခြင်းနှင့် အမေ့မေတ္တာစာမူဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက်က မင်္ဂလာဒုံမြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသက အမှာစကားပြောကြားပြီး စာရေးဆရာ လယ်တွင်းသား စောချစ်က ဝတ္ထုတိုဆုရွေးချယ်ခြင်းအကြောင်းကို လည်းကောင်း၊ ကဗျာဆရာမောင်သွေးသစ်က ကဗျာဆုရွေးချယ်ခြင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာမကြီး ဒေါ်ယုဇနဝတီက အမေ့မေတ္တာစာမူဆုတွင် ကဗျာပထမဆုရ မောင်လွန်းမြိုင် (ပင်လယ်ဘူး) **(ယာပုံ)**၊ ဝတ္ထုပထမဆုရ မင်းမြတ်မင်း (စစ်ကိုင်း)၊ ဆောင်းပါးပထမဆုရ အရှင်ခေမိန္ဒနှင့် နှစ်သိမ့်ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ **(က-ပ)**

ဝဲလောင် အထက ကျောင်းသားဟောင်းများ သင်းလုံးကျွတ်စည်းဝေးမည်

တောင်သာ အောက်တိုဘာ ၁၅

ဝဲလောင် အထက ကျောင်းသား ကျောင်းသူဟောင်းများ အသင်း၏ ပထမအကြိမ်သင်းလုံးကျွတ်အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်သာမြို့နယ် ဝဲလောင် အထက ရှိဗိုလ်ရာညွန့်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးမြို့အထူးကုဆေးရုံရှိ မိခင်နှင့်ကလေးများအား အဝတ်အထည်နှင့် အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်း

တောင်ကြီး အောက်တိုဘာ ၁၀

တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးအထူးကုဆေးရုံကြီးရှိ မွေးကင်းစ ကလေးအဆောင်၌ အောက်စီဂျင်စက်ပစ္စည်း၊ လိုအပ်သောဆေးနှင့် ပစ္စည်းများ၊ အဝတ်အထည်များနှင့် အာဟာရပြည့်အစားအစာများလှူဒါန်းပွဲကို စက်တင်ဘာ ၂၇ ရက်က ယင်းဆေးရုံကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက မွေးကင်းစ ကလေးအဆောင်အတွက် အောက်စီဂျင်စက်ပစ္စည်းနှင့် လိုအပ်သောပစ္စည်းများ ဝယ်ယူအသုံးပြုရန်အတွက် ငွေကျပ်၂၅သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းက လက်ခံရယူသည်။

လက်ခံ

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က တစ်ခါသုံး ဆေးထိုးအပ်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာမေခိုင်ချမ်းက လက်ခံရယူသည်။

ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့သည် ဆေးရုံရှိ မိခင်များနှင့် ကလေးများအား အဝတ်အထည်နှင့် အာဟာရပြည့်အစားအစာများကို ပေးအပ်ကြသည်။ **(ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

အသင်းဝင်များ အရည်အသွေးမြင့်မားရေး အမျိုးသမီးဥပဒေဆိုင်ရာများ ရှင်းလင်း

မိုင်းယောင်း အောက်တိုဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းသည် မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချောစုမျိုးညွန့်နှင့်အတူ စက်တင်ဘာ ၂၁ ရက်က မိုင်းယောင်းမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာလှိုင်နှင့်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထိုသို့ဆွေးနွေးရာတွင် ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ အသင်းဝင်များ အရည်အသွေးမြင့်မားရေး၊ စည်းရုံးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် အမျိုးသမီးဥပဒေဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရှင်းလင်းပြီး မေးမြန်းချက်များကို ဒေါ်မာမာသိမ်းနှင့် ဒေါ်ချောစုမျိုးညွန့်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်မဲ၌ ကမ္ဘာ့ ဆရာများနေ့ကျင်းပ

ကျောက်မဲ အောက်တိုဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့၏ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးဘဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ အမှတ် (၆) မူလတန်းလွန် ကျောင်းအုပ်ဆရာကြီး ဦးစိုင်းအောင်ကြီးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့်ဆရာ၊ ဆရာမကြီး ၅၃ဦးအား တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြပြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲဆုရသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက်သာကေတ စက်မှုဇုန် ရန်ကြီးအောင်လမ်း အမှတ်(ဘီ-၁)ဟိုင်းတက်ကွန်ကရစ်ကုမ္ပဏီလီမိတက်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ စေတီတော်မြတ် ကြီး၏ ဂေါပကအဖွဲ့ဝင် ဦးမြသိန်း၊ ဦးထွန်းဝင်း၊ ဦးသိန်းဦးတို့က လက်ခံယူကြစဉ်။ (က-ပ)

ဆယ်အိမ်မှူးများသင်တန်း သာစည်၌ဖွင့်

သာစည် စက်တင်ဘာ ၂၂

သာစည်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဖွင့်လှစ်သည့် ဆယ်အိမ်မှူးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် မီးရထားဓမ္မာရုံတွင်ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်နုနှင့်အမှုဆောင်များ၊ အမှတ်(၂)ရပ်ကွက်အတွင်းရှိမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့်ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်က အမှာစကားပြောကြား၍**(အပေါ်ပုံ)** မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နုက ဆယ်အိမ်မှူး ရွေးချယ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် သင်တန်းဖွင့်လှစ်ပေးရခြင်းတို့၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးတာဝန်အဖြစ် အလေးထားစိုက်ပျိုး စပါးစိုက်ပျိုးမှုတွင် စိုက်ဧကတိုးမြှင့်ရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေးအလေးထား ဒေသ၏ ရေရှည်အဓိကစီးပွားဖြစ်လုပ်ငန်းဖြစ်အောင်အထိ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၅

တနင်္သာရီတိုင်း ကော့သောင်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့ အဏ္ဏဝါ ရပ်ကွက်ရှိ ပြည်တော်အေး စေတီတော်သို့ သွားရောက်၍ စေတီတော်ပရဝဏ်ရှိ ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ပြည်တော်အေးစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းမြို့ မြို့မဆိပ်ခံတံတားရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပြည်တော်အေးစေတီတော်အနီးရှိ ပြည်တော်အေး ဓမ္မဗိမာန်တော်၌ ကျင်းပသည့် ကော့သောင်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါအခမ်းအနားသို့ ကော့သောင်းမြို့ ပြည်တော်အေး ကမ္မဋ္ဌာန်း ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓ ဉာဏအမှူးပြုသော ကော့သောင်းမြို့ ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်များ ကြွရောက်တော် မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ *စာမျက်နှာ ၇ ကော်လံ ၁* ✡

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် အာဆီယံနိုင်ငံ တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဗိုလ်မှူးကြီးစိုးလွင် ခေါင်းဆောင်သော မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင် များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ် ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ASEAN+3 သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အောက်တိုဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံများနှင့် အာဆီယံနိုင်ငံ(ASEAN+3) တပ်မတော်များ သေနတ်ပစ် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ဗိုလ်မှူးကြီးစိုးလွင် ခေါင်းဆောင်သော အဖွဲ့ဝင် ၁၀ ဦးပါ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွား ကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အားပေးစကားပြောကြား

ယင်းသို့ မြန်မာ့တပ်မတော် သေနတ်ပစ်အားကစားအဖွဲ့ဝင်များမထွက်ခွာမီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိဧည့်ခန်းမ၌ မြန်မာ့တပ်မတော် သေနတ်ပစ် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံက ကုလသမဂ္ဂကို အသုံးချပြီး မြန်မာ့ပြည်တွင်းရေး စွက်ဖက်လုပ်ဆောင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီစနစ် ထွန်းကားစေရေး ကြိုးပမ်းမှုကို နှောင့်ယှက်ရန် ကြံရွယ်လာသဖြင့် မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)အဖွဲ့မှ ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၁၅

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်း ဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)က သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မွန်ငြိမ်းချမ်းရေးအဖွဲ့(မြိတ်ဒေသ)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်

၁။ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် မြန်မာ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေအား ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ယနေ့ကာလတွင် နိုင်ငံတော်အစိုးရသည် ပြည်သူများလိုလားတောင့်တနေသည့် တည်ငြိမ် အေးချမ်းမှုရရှိစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒီမိုကရေစီစနစ်ထွန်းကားလာစေရန်တို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဖြင့် တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလ ဖြစ်ပါသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■

16-10 (20) 1 10/16/06, 1:33 AM